ဗန္ဓဲကျေးရွာ

သပိတ်ကျင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဗန္ဓဲကျေးရွာ၊ သပိတ်ကျင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဗန္ဓဲ့ကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သပိတ်ကျင်းမြို့နယ်	၇
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်	**၈**
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	**၈**
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	
(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	**၁၀**
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	**၁၀**
(က) လူဦးရေဆိုင်ရာအချက်လက်များ	
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေး နှင့် အာဟာရ	
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ	**၁၂**
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး	
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး	
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	**၁၆**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ ၃၄
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁)ဗဒွေကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၈

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ၊ ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၈၂

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၃

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရ ဌာနများ ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဗန္ဓေကျေးရွာ၊ သပိတ်ကျင်းမြို့နယ်။

ဗန္ဓုကျေးရွာအခြေပြမြေပုံ၊ သပိတ်ကျင်းမြို့နယ်



အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများ ကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက် လူမှု ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက် အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။ ဗန္ဓဲကျေးရွာသည် မန္တလေး၊ တွင်းငယ်၊ မိုးမိတ်လမ်းဘေးတွင် တည်ရှိပါသည်။ သပိတ်ကျင်းမြို့နယ်၏ မြောက်ဘက်ပိုင်းတွင် တည်ရှိပြီး၊ သပိတ်ကျင်းမြို့မှ ၁၉ မိုင်၊ မန္တလေးမြို့မှ ၁၀၂ မိုင်ကွာဝေးပါသည်။ ကျေးရွာသည် ယေဘုယျ အားဖြင့် အအေးပိုင်းဒေသတွင် ကျရောက်ပြီး၊ နွေရာသီတွင် အပူလွန်ကဲပြီး၊ ဆောင်းရာသီတွင် အအေး လွန်ကဲမှုရှိသော ရာသီဥတု ဖြစ်ပါသည်။ မိုးနည်းရပ်ဝန်းတွင် ကျရောက်သဖြင့် ခြောက်သွေ့သော ရာသီဥတုကို ခံစားရပါသည်။ မြို့နယ်တွင် ရွာသွန်းမြဲ မိုးရေချိန်သည် ၄၄ လက်မဖြစ်ပြီး၊ တစ်နှစ် ပတ်လုံးမိုးရွာသွန်းမှုမှာ ပုံမှန်အားဖြင့် မိုးရွာရက် ၄၁ ရက် ရွာသွန်းပါသည်။ ၂၀၁၀ခုနှစ် မြို့နယ်၏ အမြင့်ဆုံးပျမ်းမျှ အပူချိန် ၃၀.၁ ဒီဂရီစင်တီဂရိတ်ရှိပြီး၊ အနိမ့်ဆုံးပျမ်းမျှ အပူချိန်သည် ၂၄.၂ ဒီဂရီ စင်တီဂရိတ် ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ ကျေးရွာအနီးတွင် သစ်၊ ါးရနိုင်သော သစ်တောကြိုးဝိုင်းရှိပါသည်။ ကျေးရွာပိုင်နယ်မြေဧရိယာအတွင်း ရွှေဥဒေါင်းချောင်းအထက်ပိုင်းတွင် ကျောက်မျက်ကွင်း ရှိပြီး၊ ထွက်ရှိသော ကျောက်မျက်များမှာ နီလာ၊ ဂေါ်မိတ်၊ အင်တနီလာ၊ ပတ္ထမြား၊ စလင်းကျောက် တို့ထွက်ရှိပါသည်။ ကျေးရွာပိုင် တောတောင်များတွင် တောင်ထန်း၊ တပင်ရွှေထီး၊ ဂုန်ကား၊ ဆူးခေါက်နက်၊ ကြောင်ပန်းသီးနှင့် ဇောင်ဂျမ်းသီး အစ ရှိသည့် တရုတ်ဈေးကွက်ရှိသည့် ပရဆေးပင်များထွက်ရှိပါသည်။ လယ်မြေများတွင် ကျေးရွာအနီး ရွှေချောင်းတဖက်ပိတ်ဆည်မှ ရေသွယ်၍ မိုးစပါး စိုက်ပျိုးနိုင်ကြပြီး၊ ယာမြေကောင်းများတွင် ပဲစင်းငုံ၊ မြေပဲ စသော သီးနှံများ ကောင်းစွာဖြစ်ထွန်းပါသည်။ တောင်သူများ၏ လက်ရှိ စိုက်ပျိုးနေသော လယ်ယာမြေများကြားတွင် တောင်သူတစ်ဦးချင်းပိုင် ဖုန်းဆိုးမြေ (သို့) မြေလွတ်များရှိ၍ ကျေးရွာတွင် မြေယာ တိုးချဲ့နိုင်သည့် အခွင့်အလမ်းရှိပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ကျေးရွာတွင် အိမ်ထောင်စု (၇၃) စုရှိပြီး၊ လူဦးရေ စုစု ပေါင်း (၃၅၁) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစု လျှင် (၄.၈) ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ (၆၀.၇%) ရှိပြီး၊ ကျေးရွာစီးပွားဖွံ့ဖြိုးမှုကဏ္ဍတွင် များစွာအထောက် အကူပြုနိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော အိမ်ထောင်စု (၆၇.၁%) အိမ်ထောင်စုရှိပြီး၊ ကျပန်းလုပ်ငန်း အဓိကလုပ်ကိုင်သည့် အိမ်ထောင်စု (၃၂.၉%) အိမ်ထောင်စု ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ ကျေးရွာသည် အဓိကအားဖြင့် လယ်ယာ စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်ကြပြီး၊ တောင်သူလယ်သမား ၄၉ ဦးရှိပြီး၊ ကျန်အိမ်ထောင်စုများသည် သစ်၊ ဝါးခုတ်ခြင်း၊ မျှစ်ချိုးခြင်း၊ ကျောက်မျက်ရှာဖွေခြင်းစသော ကျပန်းလုပ်ငန်းများတွင် အသက်မွေး ဝမ်းကျောင်းပြုကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် စိုက်ပျိုးမြေ ၈က (၁၅ - ၂၅) ၈က ခန့် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးလက်တွန်းထွန်စက်များ ပိုင်ဆိုင်ပြီး၊ ကျွဲနွားများကို ခြံများဖြင့် စီးပွားဖြစ် မွေးမြူကြသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု လုံးဝမရှိသည့် အိမ်ထောင်စု (၆.၈%) ရှိပါသည်။ မြေ(၅)ဧကအောက် ဆင်းရဲသားတောင်သူ၊ တောင်သူငယ် (၇၈.၂%) ရှိပြီး ထိုဆင်းရဲသား တောင်သူငယ်များသည် ခိုင်းကျွဲ၊ ခိုင်းနွားမပြည့်စုံခြင်း၊ သွင်းအားစုများ အပြည့်အဝ မထည့်နိုင်ခြင်း

တို့ကြောင့် စိုက်ဧကမြေအားလုံးကို ပုံမှန် မစိုက်ပျိုးနိုင်ပါ။ စိုက်ပျိုးမြေ (၅) ဧက နှင့် (၁၂) ဧကကြား ပိုင်ဆိုင်သည့် တောင်သူ (၆.၈%) ရှိပြီး၊ (၁၂)ဧကအထက် ပိုင်ဆိုင်သောတောင်သူကြီး(၈.၂%) ရှိပါသည်။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ။ ။ ကျေးရွာလူထု၏ ၅၀.၇% သည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ဆင်းရဲသည်ဟု သတ်မှတ်ထားသော အိမ်ထောင်စုများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ (၅) ဧကအောက် ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများ (သို့) အသေးစားမွေးမြူရေး တစ်နိုင်တစ်ပိုင် ပွားဖက်ယူမွေးရသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အိမ်ထောင်စုများသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ အခြားအစားအစာကို ပြောင်းလဲစားသုံးခြင်း မရှိကြဘဲ ပုံမှန် ၃ နပ်ပြည့်အောင်စားနိုင်ကြပါသည်။ အိမ်ထောင်စုအားလုံးသည် အကြွေးမြီ မကင်းကြပါ။ အနည်းဆုံး ၅ သောင်း မှ အများဆုံး ၇ သိန်းအထိ ရှိကြပါသည်။

ကျေးရွာသည် ရေကြီးခြင်း၊ ငလျင်၊ တောမီး၊ သစ်တောပြုန်းတီးခြင်း၊ နှင့် ဌက်ဖျား ရောဂါ စသော ထိခိုက်လွယ်မှုအမျိုးအစားကို အနည်းနှင့်အများ တွေ့ကြုံရပါသည်။ ကျေးရွာရှိ ထိခိုက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ကျပန်းအလုပ်သမားများနှင့် ဆင်းရဲသားတောင်သူများ ဖြစ်ကြသည်။ ၎င်း မိသားစုများသည် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာတွင် ရာသီဖျားသာ အဖြစ်များပါသည်။ အခြားကြီးကြီးမားမား ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိပါ။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု။ ။ ကျေးရွာတွင် စာမတတ်သူ (၃) ဦးရှိပြီး၊ အခြေခံမူလတန်းပညာရေးပြီးဆုံးသူများပါသည်။ ဘွဲ့ရရှိသူ နှစ်ဦးရှိပြီး ကျေးရွာတွင် ကျောင်းဆရာအဖြစ်တစ်ဦး တာဝန်ထမ်းဆောင်နေပါသည်။ အလယ်တန်းပညာပြီးစီးသူ ၈.၇%၊ အထက်တန်းပညာပြီးစီးသူ ၂.၄% ရှိပါသည်။ မူလတန်းကျောင်းနေရွယ် ကလေးများအားလုံး မူလတန်းပညာကို လက်လှမ်းမှီ သင်ကြား နိုင်၍ ကျောင်းတက်နှုန်း မြင့်မားပါသည်။ ကျေးရွာကျောင်းတွင် မူလတန်းကျောင်း တက်ရောက် နေသူဦးရေ စုစုပေါင်း(၃၄)ဦး ရှိပါသည်။ အလယ်တန်းကျောင်းနေရွယ် လူဦးရေ ၄၈ယောက် ရှိပြီး ၁၈ ယောက်သာ ဒေါင်းပုန်းအလယ်တန်း ကျောင်းတွင် တက်ရောက်နေကြပါသည်။ အထက်တန်း တက်ရောက်နေသူ ကျား(၉) ဦး မ(၂) ဦး ရှိပြီး တွင်းငယ်၊ ဧရပ်ကွင်း၊ မန္တလေးတို့တွင် တက်ရောက်နေကြပါသည်။ တက္ကသိုလ်တက်ရောက်နေသူ (၂) ဦးရှိပါသည်။

ပန်းရံ၊ လက်သမား၊ စက်ချုပ် စသော ကျေးရွာတွင်းအသက်မွေးဝမ်းကျောင်းများတွင် လုပ်ကိုင်နေသော ကျွမ်းကျင် အလုပ်သမားများရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု။ ။ ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီး၊ အမျိုးသားများ ပါဝင်မှုသည် ကွာခြားမှု နည်းပါသည်။ ထို့အတူ ကျေးရွာစီမံ ခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီး ပါဝင်မှု လုံးဝမတွေ့ရပေ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ ကျေးရွာမှာရှိသောအဖွဲ့များသည် အဖွဲ့၏တာဝန်များကို လုပ်ဆောင်ရာတွင် တာဝန်ယူလုပ်ဆောင်မှု အသင့်အတင့် ကောင်းပါသည်။ သို့သော် ကျေးရွာတွင်း အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှု အားနည်းပါသည်။ ကျေးရွာတာဝန်အနေဖြင့်သာ ပူးပေါင်းမှုရှိပြီး၊ အဖွဲ့ အချင်းချင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသေးပါ။ ပူးပေါင်းခြင်း၏ သဘောတရားကို ကျေးရွာသူ၊ ကျေးရွာသားများ တာဝန်နှင့် ရောနှောနားလည်ကြပါသည်။ အဖွဲ့အစည်းအားလုံးသည် အဖွဲ့လုပ်ငန်းတာဝန်များကို အဖွဲ့အနေဖြင့် အစပျိုးဦးဆောင်လုပ်ကိုင်ခြင်းထက် ကျေးရွာအုပ်ချုပ်ရေး၏ ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင် လုပ်ဆောင်ကြသည်။ အဖွဲ့များတွင် ဦးဆောင်နိုင်မှု စွမ်းရည်နှင့် တာဝန်ခွဲဝေမှုများ အားနည်းပါသည်။ အဖွဲ့အစည်း ဆိုင်ရာ စွမ်းရည်မြှင့်တင်ရန် ကျေးရွာရှိ အဖွဲ့အစည်းဆိုင်ရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာသဘောတရား သင်တန်းများ ချိတ်ဆက်ရန် လိုအပ်ပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာတွင် တောင်သူ ၄၉ ဦးရှိပြီး၊ လယ်ယာ၊ ကိုင်းကျွန်း ဥယျာဉ်ခြံမြေ ၉၈၀.၃၅ ဧကရှိပါသည်။ လယ်မြေ (၁၁၀) ဧကသည် ကိုယ်ထူကိုယ်ထဝါးခက်ဆည်ရေမှ ရေသွယ်စိုက်ပျိုးနိုင်ပြီး ကျန်ယာမြေများသည် မိုးကောင်းသောက် လယ်မြေများဖြစ်ပါသည်။ ကိုင်းကျွန်းမြေများသည် ရွှေဥဒေါင်း ချောင်းဘေးတွင်ရှိပြီး မိုးရာသီတွင် နှစ်စဉ်ချောင်းရေတိုက်စား၍ ချောင်းကမ်းပါးများ ပျက်စီးခြင်း၊ ရေလွှမ်းခြင်းများကြောင့် သီးနှံပျက်စီးခြင်းများ ကြုံတွေ့ရသည်။ တောင်သူများ၏ လက်ရှိစိုက်ပျိုးနေသော လယ်ယာမြေများကြားတွင် တောင်သူတစ်ဦးချင်းပိုင် ဖုန်းဆိုးမြေ (သို့) မြေလွတ်များရှိ၍ ကျေးရွာတွင် မြေယာ တိုးချဲ့နိုင်သည့် အခွင့်အလမ်းရှိပါသည်။ ရေလွှဆည်သည် ကျေးရွာ အနားတွင် ဖြတ်ဆင်းသော ရွှေဥဒေါင်းချောင်းကို ဝါးခတ်များဖြင့် ပိတ်၍ တားဆီးပြီး၊ တစ်ဖက်ပိတ် ဆည်အမျိုးအစား ဖြစ်ပါသည်။ ရေစီးရေလာ ကောင်းသော်လည်း ဝါးခတ်ကိုအသုံးပြု၍ တားရခြင်းကြောင့် မိုးကောင်း၍ တောင်ကျရေများလျှင် ရေမထိန်းနိုင်ခြင်း၊ ရေတား မကြာခဏ ကျိုးပျက်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးရေ မလုံလောက်သောကြောင့် လယ်မြေများသည် စပါးတစ်မျိုးသာ စိုက်ပျိုးနိုင်ပါသည်။ မိုးနည်းသည့်နှစ်များတွင် စပါးအထွက်နှုန်းကျဆင်းပါသည်။ ၎င်းဆည်ကို ရေရှည်ခိုင်ခံ့ရန် ဆည်မြောင်း၊ ကျေးလက်ဌာနများဖြင့် ချိတ်ဆက်၍ ငွေကြေး၊ နည်းပညာ အကူအညီများရယူရန် လိုအပ်ပါမည်။ စပါး၊ ပဲစဉ်းငုံ နှင့် နှမ်းသီးနှံတို့ကို အဓိကစိုက်ပျိုးပြီး၊ ပဲတီစိမ်း၊ ပဲကြီးနှင့် ထောပတ်ပဲတို့ကို အနည်းငယ် စိုက်ပျိုးကြပါသည်။ ရာသီဥတုမမှန်ခြင်း (မိုးများခြင်း၊ မိုးခေါင်ခြင်း)၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ သွင်းအားစုများကို အချိန်မှီမထည့်နိုင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် လက်လှမ်းမမှီခြင်းတို့ကြောင့် သီးနှံများ အထွက်နှုန်း ကျဆင်းလာပါသည်။ သီးနှံစုံဘက်စုံပိုးမွှားရောဂါကာကွယ်နိုင်ရန် နှင့် သီးနှံစုံစိုက်ပျိုး ရေး နည်းစနစ် (စပါး၊ ပဲတီ စိမ်း၊ ပဲစဉ်းငုံ၊ ဥယျာဉ်ခြံ သီးနှံနှင့် အခြားသီးထပ်သီးညှပ်) စိုက်ပျိုးခြင်းများကို စနစ်တကျပြုလုပ်နိုင်ရန် နည်းပညာ ရရှိနိုင်သောဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရပါမည်။ ၎င်းအပြင် မြေလွတ်မြေရိုင်းများတွင် အခြားနှစ်ရှည်ပင်သီးနှံများ (သနပ်ခါး၊ သရက်၊ ငပျော) စသည်များ စိုက်ပျိုးစမ်းသပ်လုပ်ကိုင်သင့်ပါသည်။ ကျေးရွာအနေဖြင့် လယ်ယာသုံးကိရိယာ ကျွဲနွားများ၊ လက်တွန်း ထွန်စက်များ အသင့်အတင့် ပြည့်စုံကြပါသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာသားများသည် ကျွဲနွားကို အဓိကထား မွေးမြူကြပါသည်။ ခိုင်းနွားနှင့် မျိုးပွားရန် နွားမများကို မွေးမြူကြပြီး နို့စားနွားကို မွေးမြူခြင်း မရှိပေ။ နွားမွေးမြူရေးလုပ်ငန်းသည် ဒေသခံများအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကဖြစ်ပြီး စီးပွားရေးလုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်သော လုပ်ငန်း ဖြစ်ပါသည်။ ဝက်ကို ဒေသဝက်မျိုးမွေးမြူကြပြီး နယ်မြေရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ စိတ်ဝင်စားမှု ပိုကြပါသည်။ ကျေးရွာသည် ရာသီဥတုအေးသော တောင်ပေါ်ဒေသ ဖြစ်သည့်အတွက် မျိုးသန့် ဝက်မျိုးကို စိတ်ဝင်စားမှု မရှိကြပေ။ ဆိတ်မွေးသူ တစ်ဦးသာရှိပြီး (၆) ကောင် ရှိပါသည်။ အခြားရွာမှ ပွားဖက်ယူ၍ မွေးခြင်း ဖြစ်ပါသည်။ ကျေးရွာပတ်လည်တွင် စားကျက်ပေါများစွာ ရရှိပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းအတွက် မြေယာမဲ့များ၊ တောင်သူငယ်များ အစာရေစာ၊ စားကျက်ပေါများခြင်း၊ အိမ်ခြံမြေနေရာရှိခြင်းစသော အခွင့်အလမ်းများကြောင့် ဆိတ် မွေးမြူရေး မိသားစုတစ်ဖက်တစ်လမ်းဝင်ငွေရရန် လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် သင့်တော်ပါမည်။ မွေးမြူရေးလုပ်ငန်းများအတွက်အခက်အခဲသည် ကျွဲ၊ နွားများသည် ပေါင်ပုတ်လက်ပုတ်ရောဂါ၊ လေးဘက်နာ၊ လယ်ချောင်းကွဲနာ၊ ခွာနာလျှာနာရောဂါများ အဖြစ်များပါသည်။ ကျေးရွာတွင် ထိကရင်းကောင်များ ပေါများပြီး ဆိတ်နှင့်ထိကရင်းကောင်များ ထိမိလျှင် အဆိပ်မိပြီး သေဆုံးကြသည်ဟု အယူအဆရှိသဖြင့် ဆိတ်မွေးခြင်းမရှိပေ။ မြို့နယ်တိ/ကု ဦးစီးဌာနမှ ကာကွယ်ဆေး လာရောက်ထိုးခြင်းမရှိပေ။ တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံမွေးမြူရေးပညာများ လိုအပ်ပြီး၊ ကျေးရွာအတွင်း မွေးမြူရေးလုပ်သားများ ရှိပါက ကျေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်ပေါ်တွင် အခြေခံလုပ်ကိုင်သော လုပ်ငန်းများပေါများစွာရှိပါသည်။ ကျောက်မျက်လုပ်ငန်း၊ သစ်၊ ဝါး၊ မျှစ်၊ မီးသွေးဖုတ် လုပ်ငန်းများဖြစ်သည်။ သို့သော် လုပ်ငန်းများတိုးချဲ့လုပ်ဆောင်ရန် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက် လက်လှမ်းမီမှုနည်းပါသည်။ ကျေးရွာတွင် ဆန်စက်၊ ဆီစက် လုပ်ငန်းများ၊ လက်မှုလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ စက်ချုပ် စသော ကျွမ်းကျင်လုပ်သားများလည်း ရှိပါသည်။ ကျေးရွာမှ လူငယ်အမျိုးသမီး၊ အမျိုးသားလူငယ်များသည် လက်မှုလုပ်ငန်း နှင့် ပတ်သက်သည့် အသက်မွေးဝမ်းကြောင်း နည်းပညာများရရှိရန် စိတ်အားထက်သန်ကြပါသည်။ ထို့ကြောင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ (ဆံပင်ညှပ်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ လယ်ယာသုံးကိရိယာ စက်ပြင်ခြင်းနှင့် ဒေသထွက်ဝါးကို အခြေခံပြုလုပ်သော ဈေးကွက်ဝင် လူသုံးကုန်ပစ္စည်းယက်လုပ်ခြင်း) သင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ၎င်းအပြင် ဈေးကွက်အားဖြင့် မန္တလေးဈေးကွက်သို့ တိုက်ရိုက်ရောင်းချ ချိတ်ဆက်နိုင်ပါမည်။ နိုင်ငံတော်အနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်သည့်စနစ်မျိုး အားပေးလုပ်ဆောင်သင့်ပါသည်။ သို့မှသာ ဒေသတွင်းတစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ ထွက်ပေါ်လာပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းမရှိခြင်းကြောင့် ရေရှည်တွင် သစ်တောပြုန်းတီးလာပါမည်။ ကျောက်မျက်ကုမ္ပဏီမှ ကျေးရွာ၏ချောင်းအထက်ဖျားတွင် ဓါတုဆေးများသုံးစွဲ

ခြင်းသည် သောက်သုံးရေ ညစ်ညမ်းလာပြီး၊ လူနှင့်တိရစ္ဆာန်များ ရေရှည်တွင် ထိခိုက်လာပါမည်။ နှစ်စဉ် ရွှေဥဒေါင်း ချောင်းရေလွှမ်းခြင်း၊ ချောင်းကမ်းပါးရေတိုက်စားခြင်း၊ စိုက်ခင်းများ သဲနုန်းတင် ပျက်စီးခြင်း၊ မူလတန်းကျောင်း၊ ဘုန်းတော်ကြီးကျောင်း တို့သည် ၎င်းချောင်းကမ်းပါးတွင် ရှိနေခြင်း ကြောင့် မြေကမ်းပါးပြိုခြင်း၊ ရေတိုက်စားခြင်း အန္တရာယ်များ ကြုံတွေ့ရပါသည်။ တောင်သူများ အနေဖြင့် ချောင်းဘေးစိုက်ခင်းများကို မိုးနည်းသည့် ကာလမှ စိုက်ပျိုးခြင်း ပြုလုပ်ခြင်း၊ မူလတန်း ကျောင်းဆောင်ကို ဘေးကင်းရာ မြေပြန့်နေရာတွင် ရွှေ့ပြောင်းရန် ကျေး ရွာလူထု၊ မြို့နယ် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းပြီး၊ ရွှေ့ပြောင်းဆောက်ရန် စီစဉ်ထားပါသည်။ ကျေးရွာသည် သဘာဝ ဘေးအန္တရာယ် ကျရောက်လွယ်သော ဒေသဖြစ်ပါသည်။ နွေရာသီတွင် တောမီးများ ရွာသို့ကူးလာ တတ်ပြီး မိုးရာသီတွင် ချောင်းကမ်းပါး ရေတိုက်စားမှုကြောင့် ကျေးရွာ ဘုန်းကြီးကျောင်းနှင့် စာသင် ကျောင်းမှာ ရွှေ့ပြောင်းရမည့် အန္တရာယ်ရှိ အနေအထား ဖြစ်နေပါသည်။ စစ်ကိုင်းပြတ်ရွှေ့ဒေသဖြစ်၍ ငလျင်ကျနိုင်ရောက်သည့် ဒေသဖြစ်ပါသည်။ အရံမီးသတ်တပ်ဖွဲ့ ထားရှိပြီး ကျေးရွာ မီးတားလမ်းကို နွေရာသီတွင် ဖောက်လုပ်ထားပါသည်။ ကျေးရွာတွင် ငလျင်သည် တစ်နှစ်ကို အနည်းဆုံး လေးကြိမ်ခန့် လှုပ်ခတ်မှုရှိပြီး ၂၀၁၂ခုနှစ်တွင်လှုပ်ခတ်သွားသော ငလျင်သည် ပြင်းအား ၆.၈ ရှိကာ ဘုရား၊ ကျောင်း နှင့် လူနေအိမ်များ ပျက်စီးကာ အပြင်းထန်ဆုံး ဖြစ်ခဲ့ပါသည်။ ကျေးရွာသားများသည် ငလျင်နှင့် ရေတိုက်စားခြင်းအတွက် ကာကွယ်ထားခြင်း မရှိပဲ လုပ်ငန်းစဉ်များလည်း ဆောင်ရွက်ထားခြင်းမရှိပါ။ ကမ်းပါးပြိုခြင်းအတွက် ကမ်းပါးသည်မတ်စောက်ပြီးကမ်းပါးတစ်လျှောက် သစ်ပင်ကြီးများ ရေတိုက်စား မျှောပါကာ ကျေးရွာသားများ အင်အားဖြင့် ကာကွယ်ရန် ခက်ခဲပါသည်။ ကျေးရွာ သားများသည် သဘာဝဘေးအန္တရာယ် ဖြစ်နိုင်သည့် နေရာဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်း အစီအမံများလိုအပ်နေပါသည်။

(ငဃ) ဘဏ်လုပ်ငန်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါ ယမ အသင်း၊ တရုတ်ချေးငွေ တို့မှ ချေးငွေရရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပုံစံ ၇ ရရှိသူများသာ ချေးငွေရရှိခံစားရပါသည်။ သမချေးငွေသည် တစ်ဦးလျှင် ချေးငွေ တစ်သိန်းမှ တစ်သိန်း သုံးသောင်းကျပ်အထိ ချေးယူရရှိနိုင်ပါသည်။ ချေးငွေကာလမှာ (၆) လ ဖြစ်ပြီး အတိုးနှုန်းမှာ တစ်ကျပ် တစ်ဆယ့်ငါးပြား ဖြစ်ပါသည်။ ဆယ်ဦး တစ်ဖွဲ့ဖွဲ့ပြီး ကော်မတီ (၅)ဦးက အာမခံကာ ငွေထုတ်ချေး နိုင်ပါသည်။ ငွေထုတ်ချေးရာတွင် အာမခံ ပစ္စည်း မလိုအပ်ပေ။ အခြားချေးငွေရနိုင်သော နေရာမှာ သမဝါ ယမဘဏ်မှ တရုတ်ချေးငွေ ဖြစ်ပါသည်။ တရုတ်ချေး ငွေအဖွဲ့ဝင် (၃၁)ဦးရှိပြီး ငွေချေးသူသည် ပုံစံ (၇) ရှိမှ ငွေချေးယူနိုင်ပါသည်။ လယ်သမားတစ်ဦးလျှင် အများဆုံး နှစ်သိန်း ချေးယူ၍ ရပါသည်။ ကျေးရွာသားများသည် အဖွဲ့အစည်းဘဏ်များမှ ချေးငွေအပြင် တွင်းငယ် ရွှေအပေါင်ဆိုင်များမှ ရွှေပေါင်ပြီး ငွေချေးကြပါသည်။ ကာလကို ငွေယူစဉ်က သတ်မှတ်ချက်အတိုင်း ထားရှိပြီး အတိုးနှုန်းမှာ (၅)ကျပ် ဖြစ်ပါသည်။ မန္တလေး ကုန်စည်ဒိုင်များမှ ပဲစင်းငုံ၊ နှမ်း များ အတွက် ကြိုတင်ငွေများကို ထုတ်ယူနိုင်ပါသည်။ အတိုးကို သီးသန့်မထားဘဲ သီးနှံပေါ်ချိန်တွင် ဖြတ်ယူပါသည်။ ချေးငွေသည် လုံလောက် မှု မရှိ၍ ချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် အခြေခံပညာမူလတန်း ကျောင်းရှိ၍ မူလတန်းအရွယ် ကလေးများအားလုံး အခြေခံမူလတန်းပညာကို လက်လှမ်းမီကြပြီး၊

ဆရာနှင့် ကျောင်းသုံး ပရိဘောဂများ လုံလောက်မှု ရှိပါသည်။ ကလေးအရေအတွက်နှင့် ကျောင်း အဆောက်အဦး လုံလောက်မှုရှိသော်လည်း စာသင်ကျောင်းသည် ချောင်းကမ်းနဘေးတွင် တည်ရှိသည့် အတွက် ကမ်းပါးတိုက်စား ပြုကျမှုသည် အလွန်အန္တရာယ်ရှိပါသည်။ မူလတန်းပြ ဆရာ/ဆရာမ ၄ ဦး ရှိပြီး၊ ဆရာတစ်ဦးလျှင် ၁၅ ဦးနှုန်း သင်ကြားနိုင်ပါသည်။ အလယ်တန်းကို ဒေါင်းပုန်းကျေးရွာ တက်ရောက်ရ နိုင်ပါသည်။ (၂) မိုင်ခန့်ဝေးသော်လည်း မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် အလယ်တန်း တက်ရောက်ရန် ခက်ခဲနေပါသည်။ အထက်တန်းကို တွင်းငယ်၊ ဇရပ်ကွင်း၊ မန္တလေးတို့တွင် တက်ရောက်နိုင်ကြပါသည်။ ဆင်းရဲသော၊ လက်လုပ်လက်စား မိသားစု သားသမီးများ အတွက် အလယ်တန်း၊ အထက်တန်းပညာရေးကို လက်လှမ်းမီရန် ခက်ခဲပါသည်။

ကျေးရွာအခြေခံ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာသားများသည် တွင်းငယ် ဆေးရုံနှင့် ရေညှာဦး ကျေးလက် ကျန်းမာရေးဆေးပေးခန်း တို့တွင် ကျန်းမာရေးဝန်ဆောင်မှုများ ရကြပါသည်။ ကိုယ်ဝန်ဆောင်များနှင့် ကလေးကာကွယ်ဆေးစီမံချက်အတွက် ရေညှာဦးကျေးရွာ ကျေးလက်ဆေးပေးခန်းမှ လစဉ် စောင့်ရှောက်မှုပေးပါသည်။ အနည်းစုသာလျှင် ကျေးလက်ဆေးခန်း ဆရာမနှင့် မီးဖွားကြပြီး အများစုမှာ တွင်းငယ်ဆေးရုံတွင် တက်ရောက်မီးဖွားနိုင်ကြပါသည်။ ကျေးရွာ သားများသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က ငှက်ဖျားရောဂါအဖြစ်များကြသော်လည်း ယခုတွင် ငှက်ဖျား ရောဂါ မဖြစ်တော့ပေ။ ကျေးရွာတွင် psi ကျန်းမာရေးအဖွဲ့အစည်းမှ ဒေသခံ အခြေခံ ကျန်းမာရေး လုပ်သားတစ်ဦးထားရှိပြီး ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါ၊ တီဘီ ရောဂါနှင့် သားဆက်ခြားရောဂါတို့ကို ကျေးရွာတွင်သော်လည်းကောင်း မြို့နယ်ရှိ စီမံချက်ဆရာဝန်နှင့် သော်လည်းကောင်း အခမဲ့ချိတ်ဆက် ဆောင်ရွက်ပေးခြင်း ဝန်ဆောင်မှုမျိုး ကိုလည်း ရရှိပါသည်။ ထို့ကြောင့် ယခင်ငှက်ဖျားရောဂါအဖြစ်များသော်လည်း ယခုအချိန်တွင် ငှက်ဖျား တိုက်ဖျက်ရေး စီမံချက် ရှိခြင်း၊ ဆေးလက်လှမ်းမီခြင်း၊ ကြိုတင်ကာကွယ်ခြင်းစသည်များ လုပ်ဆောင်လာကြသဖြင့် ယခု အချိန်တွင် ငှက်ဖျားရောဂါအတွက် စိုးရိမ်ရမှု မရှိတော့ပါ။

ကျေးရွာတွင် လက်တူးရေတွင်း (၃) တွင်းရှိပြီး အများစုမှာ ချောင်းရေကိုသာ အသုံးများကြပါ သည်။ လက်တူးရေတွင်းမှ သုံးရေအတွက်သာ အသုံးပြုလို့ရပြီး သောက်ရေအတွက် သုံးလို့မရပေ။ ချောင်းရေသည် နွေ၊ မိုး၊ ဆောင်းအတွက် လုံလောက်ပါသည်။ ကျေးရွာသားများသည်ဝမ်းပျက်ဝမ်းလျှော ရောဂါများအတွက် ကျန်းမာရေးဗဟုသုတရှိကြပြီး ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ အိမ်ထောင်စု တစ်စုသည် တောထဲမှာနေထိုင်ပြီး တောထိုင်စနစ်ကို ကျင့်သုံးနေသည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး မှ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရန် ဆွေးနွေးထားပြီး ဖြစ်ပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ ကျေးရွာသည် မြို့နှင့်အလှမ်းေးပြီး၊ လူငယ်များသည် လက်ဖက်ရည်ဆိုင်၊ ဗီဒီယိုရုံများမရှိ၍ ဖျော်ဖြေပွဲများ မကြည့်နိုင်ကြပါ။ သို့သော်လူငယ်များသည် မြေနေရာ လွတ်များတွင် ခြင်းလုံးကစားခြင်း၊ ဘောလီဘောကစားခြင်းများ လုပ်ကြပါသည်။ ထို့အပြင် ဘာသာရေးပွဲများ၊ တရားပွဲများတွင်လည်း ပါဝင်လုပ်ဆောင်ကြပါသည်။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန် ဓမ္မစကူးလ်သင်တန်းများ ပို့ချရန် စီစဉ်ဆောင်ရွက်နေပါသည်။ သို့သော်လူငယ်များသည် ကျေးရွာ

ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုနည်းကြပါသည်။ စာကြည့်တိုက်ရှိသော်လည်း ဦးဆောင်ဦးရွက်ပြုသူမရှိဘဲ လည်ပတ်နိုင်ခြင်းမရှိပါ။ လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စာပေဟောပြောပွဲများ၊ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ချိတ်ဆက်လုပ် ဆောင်ရန် လိုအပ်ပေမည်။

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး။ ။ ကျေးရွာ သားများသည် တွင်းငယ်၊ မိုးမိတ်၊ မန္တလေး၊ သပိတ်ကျင်းမြို့သို့ လိုင်းကား၊ ဆိုင်ကယ်များဖြင့် ဆက်သွယ်သွားလာနိုင်ပါသည်။ အများစုသည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် တွင်းငယ်သို့ အသွားများကြပါသည်။ ကျေးရွာနှင့် တွင်းငယ်သည် (၄)မိုင်ကွာဝေးပြီး ရွာသားများဆိုင်ကယ်ဖြင့် နှစ်ပတ်လည် သွားလို့ရပါသည်။ ကျေးရွာမှ ဒေါင်းပုန်းသို့ သွားသော လမ်းအရှည်မှာ ၂ မိုင်ရှိပြီး မြေသားလမ်း ဖြစ်ပါသည်။ ပွင့်လင်းရာသီတွင် သွားလာနိုင်ပြီး မိုးတွင်းသွားလာရ ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းသည်လည်း မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာသားများသည် ကျေးရွာမှ ဒေါင်းပုန်းလမ်းကို ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်မည်ဆိုလျှင် သွားရေးလာရေး ပိုအဆင်ပြေလာပါမည်။ ကျေးရွာတွင် ဆိုလာအသုံးပြုသူ (၄၅) အိမ်ထောင်စုရှိပြီး၊ ကျန်(၂၈)အိမ်ထောင်စုမှာ ဖယောင်းတိုင်၊ ဘက်ထရီမီးကို အသုံးပြုကြပါသည်။ ဗန္ဓဲကျေးရွာ ဆိုလာမီးရရန် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ လျှပ်စစ်မီးရရန် မြို့နှင့်အလှမ်းဝေးခြင်း၊ အိမ်ခြေနည်းခြင်း၊ ကုန်ကျစရိတ် များပြားခြင်းတို့ကြောင့် ဆိုလာမီးသည် ကျေးရွာသားများအတွက် အကိုက်ညီဆုံးမီးလင်းရေးဖြစ်ပါသည်။ ကျေးရွာမှ ၈ မိုင်ခန့်ဝေးသော ကျောက်ဖျာလမ်းခွဲနှင့် ၄ မိုင်ခန့်ဝေးသော တွင်းငယ်တို့တွင် အော်ရီဒူးနှင့် တယ်လီနောတာဝါတိုင်ရှိခြင်းကြောင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။ သတင်းအချက်အလက်ကို ရေဒီယိုအသုံးပြုခြင်း ဖြင့်သာ ရရှိကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး။ ။ ကျေးရွာနှင့် ၄ မိုင်ဝေးသည့် တွင်းငယ်တွင် ရဲစခန်းရှိပြီး ကျေးရွာသားများအတွက် လက်လှမ်းမီမှု ရှိပါသည်။ ကျေးရွာတွင် ကြီးမားသည့် မှုခင်းဖြစ်ပွားမှု မရှိပါ။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကွင်းဆင်းတွေ့ရှိချက်များ၊ အမြင်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများကို အောက်တွင်ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ရှိပါသည်။ စီမံအုပ်ချုပ်မှုကဏ္ဍအခြေအနေကောင်းတစ်ခုသည် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုကောင်းခြင်းဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ အတွက် ရေညှာဦး ချောင်းတဖတ်ပိတ် ဝါးခတ်ဆည်မှ မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးရေ ရရှိပါသည်။ ထို့အပြင် စိုက်ပျိုးမြေများသည် မြေဆီအသင့် အတင့်ကောင်းမွန်ပါသည်။ အခြားအခြေအနေကောင်းတစ်ရပ်သည် ကျေးရွာအနီးတွင် မြေလွတ်မြေရိုင်းများရှိ၍ စိုက်ပျိုး မြေတိုးချဲ့ရန်အခွင့်အလမ်းရှိပါသည်။ ကျေးရွာသားများသည် ကျွဲနွားများကာကွယ်ဆေးထိုးရန် အသိရှိကြ၍ တိကုဋ္ဌာနနှင့် ချိတ်ဆက်

လုပ်ဆောင်ရန် လိုအပ်ပါမည်။ ကျေးရွာအတွင်း တစ်နိုင်တစ်ပိုင်တိုးချဲ့မွေးမြူရန် ကျွဲနွားဂက်အစာပေါများပါသည်။ ကျေးရွာ အနီး တွင်းငယ် ကျေးရွာတွင် အမဲဒိုင်၊ ဂက်ဒိုင်များရှိ၍ မွေးမြူရေးတိရစ္ဆာန်များ ရောင်းချရန် အဆင်ပြေပါသည်။ မန္တလေး၊ မိုးမိတ်မြို့များနှင့် ဆက်သွယ်တင်ပို့နိုင်ခြင်းသည်လည်း တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများတိုးချဲ့ရန် အခြေအနေကောင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များအဖြစ် ကျေးရွာအနီး သစ်တောမှ သစ်၊ ဝါးကုန်ကြမ်းအလွယ် တကူရနိုင်၍ သစ်ဝါးအခြေခံ လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် ကောင်းပါသည်။

(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ကိုသာ အားကိုးကြ၍ ဆင်းရဲသား၊ လက်လုပ်လက်စားမိသာစုများသည် ဆုံးဖြတ်ခွင့်၊ ပါဝင်ခွင့်နည်းပါးကြပါသည်။ ထို့အပြင် ကျေးရွာရှိ တဖက်ပိတ်ဝါးခတ်ဆည်ကိုပြုပြင်ရန် နည်းပညာ၊ အရင်းအနှီး လက်လှမ်းမမီကြပါ။ ဒေသခံတောင်သူများသည် စပါး၊ နှမ်း၊ ပဲစဉ်းငုံ မှလွဲ၍ အခြားဝင်ငွေရ သီးနှံများပြောင်းလဲမစိုက်ပျိုးလိုကြဘဲ မိရိုးဖလာ ဓလေ့နည်းဖြင့်သာ ပြောင်းလဲမစိုက်ပျိုးလိုကြခြင်းသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခုဖြစ်သည်။ ကျေးရွာသည် အေးသောရာသီများ၍ ကျွဲနွားဂက်များတွက်ရောဂါအဖြစ်များ၍ မွေးမြူရေးကို ဖြစ်ထွန်းမှုနည်းပါသည်။ ထို့အပြင် ကျေးရွာတွင် ထိကရင်းအကောင်ထိ၍ ဆိတ်များအဆိပ်မိပြီး၊ သေသည်ဟုယူဆကြ ဆိတ်မမွေးမြူလိုကြပါ။ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် သဘာဝအရင်းအမြစ်များကို အသုံးချခြင်းထက် ဝင်ငွေလက်တွေ့ရသော ပေါ်ပင် အလုပ်များကိုသာ စိတ်ဝင်စား၍ မျှစ်ချိုး၊ ကျောက်မျက်၊ ဝါးခုတ် လုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ ကျေးရွာသည် လျှပ်စစ်မီးအတွက် မီးသွယ်တန်းရန် လျှပ်စစ်လမ်းကြောင်း နှင့် ဓေးလွန်းပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

က) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များတိုးတက် မွေးမြူခြင်း ဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

ခ) သဘာဝအရင်းအမြစ်များ ကောင်းစွာအသုံးချ၍ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး၊ မိသားစုဝင်ငွေတိုးလာစေရမည်။

၈) လူငယ်လူရွယ်များ ပညာရေးတတ်မြောက်မှုပြည့်စုံလာခြင်းနှင့် သဘာဝဘေးအန္တရာယ် လျော့ကျ လာ၍ လုံခြုံအေးချမ်းစွာနေထိုင်လာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာ ဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာတွင်းအဖွဲ့အစည်းများလုပ်ငန်းစွမ်းဆောင်မှု မြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုးတက် လာရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာလူထုပူးပေါင်းပါဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားများ ရရှိလာစေရန်ချိတ်ဆက်ခြင်းများ စသောလုပ်ငန်းများ လုပ်ဆောင်သွား ရမည်။

(၂) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ရေညှာဦးချောင်း တဖတ်ပိတ် ဝါးခတ်ဆည်ကို ကွန်ကရစ် ရေကျော်တံတား ပြုလုပ်ခြင်း(ဆည် မြောင်း၊ ကျေးလက်ဌာနများချိတ်ဆက်လုပ်ဆောင်ရန်)၊ ရေပြွန်၊ ရေမြောင်းများ ပြုပြင်ခြင်း၊ စိုက်ပျိုးရေးနည်းပ ညာများချိတ်ဆက်လုပ်ဆောင်ခြင်း၊ ပုံစံ ၇ များ ရရန်မြေစာရင်းဌာန၊ လွတ်တော်ကိုယ်စားလှယ်၊ ချိတ်ဆက်ခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့စိုက်ပျိုးနိုင်ရန် အရင်းအနှီး၊နည်းပညာများ ရှာဖွေချိတ်ဆက်ခြင်း၊ နှစ်ရှည်ပင်သီးနှံ (သရက်၊ သနပ်ခါး၊ ငှက်ပျော) စသည်များ စမ်းသပ်စိုက်ပျိုးခြင်း၊ စိုက်ပျိုး စရိတ်များလုံလောက်စွာ ရရန်လုပ်ဆောင်ခြင်း (သမ၊ မြစိမ်းရောင်)များ လုပ်ဆောင်ရမည်။ ကျွဲနွားဝက်ကြက်များ ကာကွယ်ဆေး လက်လှမ်းမီရန် လုပ် ဆောင်၍ တစ်နိုင်တစ်ပိုင် ဝင်ငွေရ လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် ကျွဲနွားဝက်ကြက် ကာကွယ် ဆေး ပုံမှန်ထိုးနိုင်ရန် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတိုး တက်လုပ်ကိုင်ခြင်း၊ အခြေခံမွေးမြူ ရေး သင်တန်းသားများ မွေးထုတ်ခြင်း၊ မွေးမြူရေးနည်းပညာ၊ ကာကွယ်ကု သရေးနည်းပညာ များချိတ်ဆက်ရ ယူရခြင်း၊ ဝက်များကို ခြံခတ် စနစ်ဖြင့်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင်ဆိတ် မွေးမြူခြင်း ကို လုပ်ဆောင်ခြင်း၊ ချေးငွေရနိုင်သော နေရာများနှင့် ချိတ်ဆက်ရန်၊ (သမ၊ ကျေးလက်)၊ ဈေးကွက် လက်လှမ်းမီရန် ဒေသတွင်း နွားပွဲဈေးများ ဖန် တီးရန် ဖြစ်သည်။

(၃) အသေးစားအသက် မွေးဝမ်းကျောင်း ဝင်ငွေရလုပ်ငန်းများ တိုးတက်လုပ်ဆောင်ရန် အတိုးသက်သာ စွာဖြင့် ချေးငွေလုံလောက်စွာရရန် လုပ်ဆောင်ခြင်း(ကျေးလက်၊ သမ၊ အသေးစား ချေးငွေအဖွဲ့များ)၊ အိမ်ဆိုင်၊ ခေါင်းရွက် ဗျက်ထိုးစသော ကျေးရွာနှင့် ကိုက်ညီသော လုပ်ငန်းများဖန်တီးရန်၊ ဒေသတွင်း ဝါးကို အခြေခံသော ဖျာယက်လုပ်ငန်းကိုမြှင့်တင်လုပ်ဆောင်ရန်၊ သစ်၊ ဝါးအခြေခံလက်မှုပညာသင် တန်းများရရှိရန် လုပ်ဆောင်ခြင်း၊ (ဖျာ၊တောင်း၊လက်မှု လုပ်ငန်း၊လက်သမား၊ ပန်းရံအတတ်ပညာ)၊ ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်၊ (ကုန်သည်ကြီးများ၊ လုပ်ငန်းရှင် များကို မူဝါ ဒဆိုင်ရာ တွန်းအားပေးခြင်း)များ လုပ်ဆောင်ရပါမည်။

(၄) ကျောင်းသား/သူများအတွက် ပညာရေးပတ်ဝန်းကျင်ကောင်းများရရှိရန် ချိတ်ဆက်လုပ်ဆောင်ရန် ကျောင်း ကြိုပို့ကားများ စီစဉ်လုပ်ဆောင်ခြင်း၊ ဒေါင်းပုန်း၊ ဗန္ဓနကျေး ရွာချင်းဆက်လမ်း ပြုပြင်ခြင်း၊ (ကျေးလက်၊ စည်ပင်၊ လွတ်တော်ကိုယ်စားလှယ် ချိတ်ဆက်ရန်)၊ ကျောင်းဆောင်သစ် ပြောင်းရွှေ့ ဆောက်လုပ်ခြင်း၊ ဆရာမနေအိမ် ဆောက်လုပ်ခြင်း၊ ကျေးရွာရံပုံငွေ ကောက်ခံခြင်းများလုပ် ဆောင်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာလူထု အတွက် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်ချောင်းရေရေရှည်အသုံးပြုနိုင်ရန် လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံတော် (သတ္တုတွင်း၊ တရုတ် လုပ်ငန်းရှင်) များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ စက်ရေတွင်းများ စမ်းသပ်တူးဖော်ခြင်း၊ ဘုန်းကြီးကျောင်း စက်ရေတွင်း အပြီးသတ် တူးဖော်ခြင်း၊ ရေလှောင်ကန်ပြုလုပ်ခြင်း၊ သောက်သုံးရေအတွက် ရေချိုရနိုင်သော ရေတွင်းများ စမ်းသပ်တူးဖော်ရန် နည်းပညာ၊ ရံပုံငွေများ ရရန် ကျေးလက်ဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ မိုးရေလှောင်ကန်များ ပြုလုပ်သိုလှောင်ရန် ဆောင် ရွက် ခြင်းများ လုပ်ဆောင်ပါမည်။

(၆) လူငယ်များစာပေဗဟုသုတ်လက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများ နှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြင့်တင်ရေးလုပ်ငန်းများမိတ်ဆက် ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအားကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။

(၇) အခြေခံအဆောက်အဦကဏ္ဍတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သွား ရေးလာရေး အဆင်ပြေရန် ကျေးရွာတွင်းလမ်း ပြုပြင်ခြင်း(နည်းပညာ၊ အရင်းအနှီးရရန် ကျေးလက်ဌာနသို့ ချိတ်ဆက်ရန်)၊ ကျေးရွာအတွင်း လမ်းဖောက်လုပ်ရန် ရေနူတ်မြောင်းတူးဖော်ရန် ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ရန်၊ ကျေးရွာနှင့်ဒေါင်းပုန်းရွာသွား လမ်းပြုပြင်ရန်တို့ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု များ လျှပ်စစ်မီးလင်းရေး လုပ်ဆောင်ရန်မီးလင်းရေး ကော်မတီ ဖွဲ့စည်းခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်း (မြို့နယ်လျှပ်စစ်လုပ်ငန်း၊ ကျေးလက်ဌာနမှ နည်းပညာအကူအညီ ရယူရန်)၊ မတည် ရံပုံငွေရရန် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်များသို့ စာတင်ပြတောင်းခံခြင်း၊ လျှပ်စစ်မီးလင်းရန် ကျေးလက် ဌာနသို့ ချိတ်ဆက်ဆောင် ရွက်ရန် တို့လုပ်ဆောင်ရမည်။

(၈) သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြို တင် ကာကွယ်ရေး၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်ရန် ကျေးရွာအဆင့် သဘာဘေးအန္တရာယ်လျော့ချရေးအဖွဲ့များ ဖွဲ့စည်းရန်၊ သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသင်တန်းများ ချိတ်ဆက်လုပ်ကိုင်ရန်၊ ကျေးရွာသဘာဝဘေးအန္တရာယ်လျော့ချ ရေးအစီအစဉ်များ ရေးဆွဲရန်။(Early Warning System)၊ မိုးလေဝသ၊ ငလျင်သတင်းများရရှိရန် ချိတ်ဆက်ရန်၊ (မိုးဇလ)၊ သစ်၊ဝါး၊ မီးသွေးဖုတ်ခြင်းသည် သစ်တောပြုန်းတီးခြင်းကို ဖြစ်နိုင်ကြောင်းကို ကျေးရွာသူသားများအား အသိပေးရန်၊ အစုအဖွဲ့ပိုင် သစ်တောများ စိုက်ပျိုးရန်၊ သဘာဝပတ်ဝန်းကျင် ကိုထိန်းသိမ်းနိုင်သော နှစ်ရှည်ပင်သီးနှံများစိုက်ပျိုးရန်၊ လယ်ယာသစ်တောစနစ်များ ထူထောင်ရန်များ ရှိပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများ အတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါ ဒနှင့် အစီအစဉ် ကျသော ချိတ်ဆက်မှုများ လုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော မြို့နယ်အဆင့် ဌာန များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ရှိပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေး လုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီး ပါသည်။ ကျေးရွာအနီး ရေညှာဦးချောင်းတဖက်ပိတ်ဆည်မှ ချောင်းရေတင်စိုက်ပျိုးနိုင်သော်လည်း မိုးနည်းချိန်တွင် စိုက်ပျိုးရေ မလုံလောက်ပါ။ လက်လုပ်တစ်ဖက်ပိတ်ဆည်ဖြစ်၍ ရေရှည်ခိုင်ခံ့ခြင်းမရှိဘဲ နည်းပညာ၊ ငွေကြေး လိုအပ်ပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါ ဒများ၊ အစီအစဉ်များချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါ ကျရောက်ခြင်း၊ မျိုးကောင်း မျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေး ပညာပေးဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများ သည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါ ဒများ၊ ဘက်ဂျက်များကို ဒေသ လိုအပ်ချက် များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက် သော ဘက်ဂျက်လျာထားချက်များထားရှိခြင်း များကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများ ကိုလည်း ကွင်းအတွင်းမှ ပညာပေးဝန်ထမ်းများ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင်နိုင်ရ ပါမည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများမရရှိ ကြပါ။ အဖြစ်များသော တိရစ္ဆာန်ရောဂါများ ကာကွယ်ကုသနိုင်ရန် ပုံမှန်ကာကွယ်ကုသခြင်းဆိုင်ရာ ဖွံ့ဖြိုးမှုအလေ့အထများရှိလာရန် တိမွေးကုဌာနများနှင့်အစီအစဉ်များ၊ မူဝါ ဒများချိတ်ဆက်ရန်လိုပါမည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါ ဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေး နိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အရည်ချင်းပြည့်ဝသော၊ လုံလောက်သော ဆရာ၊ ဆရာမ များဖြည့်ဆည်းပေးရန် လိုပါမည်။ လျှပ်စစ်မီးလက်လှမ်းမီရန် ကျေးရွာအနေဖြင့် လက်လှမ်းမမီနိုင်သော မူဝါ ဒများကို ပြင်ဆင်ချမှတ်လုပ်ဆောင်ရန် မြန်မာ့လျှပ်စစ်

ခါတ်အားပေးလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပေမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ်လုပ်ဆောင်ရန်လိုပါမည်။ ကျေးလက်ဒေသများသည် မြို့များနှင့်နိုင်းယှဉ်ပါက စီးပွားရေးအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် နှေးကွေးပါသည်။ ဘဏ်လုပ်ငန်းများ၊ အခြားငွေရေးကြေးရေးမူဝါဒများကို ကျေးလက်ဒေသကို အခြေပြု၍ ပုဂ္ဂလိက ကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်ရပါမည်။

(င) ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကို အနည်းအများ ရင်ဆိုင်ရပါသည်။ သဘာဝဘေးအန္တရာယ်လျော့ချရေးနည်းစနစ်များ၊ သတင်းအချက်အလက်များ လက်လှမ်းမမီကြပါ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ အောက်ခြေအထိရောက်နိုင်ရန် ချမှတ်လုပ်ဆောင်ရမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေး စီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေး ချယ် ခြင်း၊ အစီ အစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန်

အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ပြုပြင်ထိန်းသိမ်းစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် (Capacity Building Expenditure) ဥပမာ ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ စီမံအုပ်ချုပ်မှုကဏ္ဍ	၁။ ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်	၃၄	၁၃	ကျေးရွာအဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာ သဘောတရား များ မသိရှိကြပါ။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ၎င်းအဖွဲ့များကို စီမံခန့်ခွဲမှုဆိုင်ရာ၊အဖွဲ့အစည်းဆိုင်ရာ သဘောတရား သင်တန်းများ ရရှိလာစေရန် ဖန်တီးပေးရန်နှင့်ကျေးရွာလူထုအခြေ ပြုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများစွမ်းရည်မြင့်လာပြီး၊ အချင်းချင်းပူးပေါင်းဆောင်ရွက်လာမည်။	ကျေးလက်ဦးစီး
၂။ စိုက်ပျိုးရေး ၂.၁ သီးနှံ	၁။ စိုက်ပျိုးရေးနည်းပညာလက်လှမ်း မှီ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်	၇၁	၆	ကျေးရွာရှိလယ်သမားများသည် စိုက်ပျိုးရေးနည်းပညာများ လက်လှမ်း မှီမှုမရှိခြင်း၊ ပိုး မွှားကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များလက်လှမ်းမမှီခြင်းကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းလာပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာ များကို စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပြီး စိုက်ပျိုးရေး နည်းပညာများ ရရန်။ ၎င်းနည်းပညာများ အသုံးချ၍ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာ စေရန်။ အထွက်တိုးရန်အတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနည်းလမ်းများ၊ တောင်သူကွင်းများတွင်လုပ်ကိုင်ခြင်း၊စိုက်ခြင်းများ၊ ပုဂ္ဂလိကခြံများ နှင့် ချိတ် ဆက်ရယူရန်၊ စိုက်ပျိုးရေးသွင်းအားစုများကို ပုဂ္ဂလိကလုပ်ငန်းရှင် များနှင့်ချိတ်ဆက်၍ အချိန်မှီ အသုံးပြုနိုင်ရန် လုပ်ဆောင် သွားရမည်။	
၂.၂ စိုက်ပျိုးရေ	၂။ စိုက်ပျိုးရေလုံလောက်စွာရရှိ၍ စိုက်ပျိုးသီးနှံများ တိုးတက်ထုတ်လုပ်ရန်	၁၀၀	၂	မိုးခေါင်ဒေသဖြစ်၍ စိုက်ပျိုးရေးခက်ခဲပြီး၊ မိုးကို မှီခိုစိုက်ပျိုးရပါသည်။ ကျေးရွာသည် ကျေးရွာအနီးချောင်းကို ပိတ်၍ တနိုင်တပိုင် ဝါးခတ်ပိတ်ဆည်ပြုလုပ်၍ စိုက်ပျိုးလျက်ရှိပါသည်။ သို့သော် မိုးခေါင်ချိန် စိုက်ပျိုးရေရရှိမှုခက်ခဲခြင်း၊	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၂.၃။ စိုက်ပျိုးမြေ	၃။ စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှု ထုတ် လုပ်နိုင်ရန်	၁၀၀	၃	မိုးများချိန် တွင် တဖက်ပိတ်ဆည် ကျိုးပျက်စီးခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုခက်ခဲပါသည်။ ထို့ကြောင့် တဖက်ပိတ်ဆည် ပြုပြင်ရန် ကျေးလက်၊ ဆည်မြောင်းဌာနများနှင့် ချိတ်ဆက်ပြုပြင်ရန် လိုအပ်ပါ မည်။ ကျေးရွာရှိ စိုက်ပျိုးမြေအများစုသည် သစ်တောမြေဧရိယာတွင်ရှိ၍ ပုံစံ ၇ ရရှိမှု ခက်ခဲ၍ စိုက်ပျိုးထုတ်လုပ်မှု အဟန့်အ တားဖြစ် ပါ သည်။ ထို့ကြောင့် လက်ရှိ စိုက်ပျိုးနေသော မြေယာများ ပုံစံ ၇ ရရန် မြေစာရင်းဌာနနှင့် ချိတ်ဆက်ခြင်း၊ မြေယာများ တိုးချဲ့ စိုက်ပျိုးခြင်း၊ လယ် ယာသစ်တောစနစ်များ စမ်းသပ်စိုက်ပျိုးခြင်း များ လုပ်ဆောင်ရမည်။	
၃။ မွေးမြူရေး ၃.၁ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင် ဝင်ငွေရ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၅၁	၁၁	ကျေးရွာတွင် ကျွဲနွား၊ ဝက်များ မွေးမြူနေကြပါသည်။ သို့သော် မိရိုးဖလာသာ မွေးမြူ နေကြပါသည်။ ထို့ကြောင့် မွေးမြူရေးနည်းပညာများရယူ၍ မိသားစုဝင်ငွေတိုးရန် တိကုဌာနနှင့် ချိတ်ဆက် လုပ်ဆောင်ရမည်။ ကျေးရွာသူသားများ မွေးမြူရေးကာကွယ်ရေးအသိများ တိုးတက်လာခြင်း၊ ကျေးရွာတွင် အခြေခံမွေးမြူရေး လုပ်သားမွေးထုတ်၍ ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် များစွာ အထောက်အကူပြုခြင်း၊ ကြက်၊ ဝက်၊ ဆိတ် များကို တိုးချဲ့မွေးမြူခြင်း ဖြင့် မိသားစု ဝင်ငွေ တိုးလာမည်။	ကျေးလက်ဦးစီး
၄။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော လုပ်ငန်း များ ၄.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများ	၁။ ဒေသထွက် ကုန်ကြမ်း များ ကို အခြေခံသော အသေးစား ထုတ်ကုန် စီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင် ရန်	၅၄	၈	ကျေးရွာသည် သစ်တောနှင့် နီး၍ သစ် ဝါးများအလွယ်တကူ လက်လှမ်းမှီခြင်း၊ လက်မှုပညာများ ကျွမ်းကျင်ခြင်း၊ ဈေးကွက် ရှိခြင်း၊ တို့ကြောင့် ၎င်းကုန်ကြမ်း အခြေခံ အသေးစား ထုတ်လုပ်မှုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ကျေးလက်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်၍	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရက်မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
				လုပ်ဆောင်ရန်။ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ချိတ်ဆက် လုပ်ဆောင်ပေးရန်။	
၅။ ပညာရေး	၁။ ကျေးရွာအတွင်း ကျောင်းသား/သူများ ပညာရေး ပတ်ဝန်း ကျင် ကောင်းများ ရလာရန်	၁၀၀	၁	ကျေးရွာမူလတန်းကျောင်းသည် ရေညှာဦး ချောင်းနံဘေး တွင် တည်ရှိ၍ ချောင်းရေကြီး ချိန် ကမ်းပါးပြိုကျမှုဒဏ်ကို ခံရပါသည်။ ကျောင်းသားလူငယ်များအတွက် ရေရှည် အန္တရာယ်ရှိနိုင်ပါသည်။ ၎င်းအပြင် ထို့ကြောင့် စာသင်ကျောင်းနေရာ ရွှေ့ ပြောင်းရန် ပညာရေးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရန်။	
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	၁။ လူငယ်များ အသိပညာ ဗဟုသုတ နှင့် အားကစား လှုပ်ရှားမှုများ တိုးတက်လာ စေရန်	၅၀	၁၂	ကျေးရွာရှိ လူငယ်များ စာပေဗဟုသုတများ လက်လှမ်းမှီရန် ကျေးရွာ စာကြည့်တိုက်ကဲ့သို့ စာဖတ်ရန်နေရာများ ဖန်တီး ပေးခြင်း၊ စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း၊ စာပေ ဟောပြောပွဲ ကျင်းပပေးခြင်း၊ စာဖတ်အလေ့အထများ ထွန်း ကား လာစေရန် လုပ်ဆောင် ခြင်း၊ ပြန်ဆက်ဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်မည်။ ကိုယ်လက်လှုပ်ရှား အားကစား အတွက်ကျေးရွာ ဘောလုံးကွင်းများ တည်ဆောက်ခြင်းများ ကို အား/ကာနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုပါမည်။	ကျေးလက်ဦးစီး
၇။ လျှပ်စစ်စွမ်းအား ၇.၁ ဆိုလာ	၁။ ကျေးရွာအိမ်ထောင်စု အားလုံးဆိုလာမီးလက် လှမ်းမီရန်	၅၂	၉	ကျေးရွာတွင် အိမ်ထောင်စုအချို့သာ ဆိုလာမီးသုံးစွဲနေပြီး၊ အများ စုသည် ဘက်ထရီမီး၊ ဖယောင်းတိုင်မီးသုံးစွဲနေကြပါ သည်။ ကျေးရွာသည် သေးငယ်ပြီး အများစုသည် ဆင်းရဲခြင်း၊ လျှပ်စစ်မီး သွယ်တန်းရန် ခါတ်အားလိုင်းနှင့် ဝေးခြင်း တို့ကြောင့် လျှပ်စစ် မီးရရန် ခက်ခဲမှု ရှိပါသည်။ ထို့ကြောင့် ဆိုလာမီးလင်းရန် ဦးစားပေးလုပ်ဆောင်သင့် ကျေးရွာသည် သေးငယ်ပြီး အများစုသည် ဆင်းရဲခြင်း၊ လျှပ်စစ်မီးသွယ်တန်းရန် ခါတ်အား လိုင်းနှင့်ဝေးခြင်း တို့ကြောင့် လျှပ်စစ်မီးရရန် ခက်ခဲမှု ရှိ ပါသည်။ ထို့ကြောင့်	ကျေးလက်ဦးစီး

ကဏ္ဍ	စီမံချက်	ရှု မှတ်	ဦးစား ပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
				ဆိုလာမီးလင်းရန် ဦးစားပေး လုပ်ဆောင် သင့်ပါသည်။ မီးလင်းရေးကော်မတီဖွဲ့စည်း၍၊ ၎င်းကော်မတီမှ ဦးဆောင်၍ ဆိုလာမီးလင်းရန် ကျေးလက်၊ ဌာနနှင့် ချိတ်ဆက်လုပ် ဆောင်သွားရမည်။	
၈။ ချေးငွေ	၁။ ကျေးရွာအခြေပြု ငွေစု ငွေချေးအသင်း များ တည် ထောင်၍ ငွေကြေး အဖွဲ့ အ စည်း များနှင့် ချိတ် ဆက်ခြင်း	၆၇	၇	ကျေးရွာတွင် စိုက်ဘဏ် စသော ချေးငွေရနိုင်သော နေရာ များ ရှိသော်လည်း မလုံလောက်ပါ။ ကျေးရွာတွင် လက်လုပ် လက်စား မြေယာမဲ့များ အခြားစီးပွားရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရင်းနှီးငွေများ လိုအပ် ပါသည်။ ကျေးရွာတွင် ကျေးရွာအခြေ ပြု ငွေစုငွေချေး အသင်းများ၊ စနစ်များ တည်ထောင်၍ ပြည် တွင်းပြည်ပချေးငွေ အဖွဲ့အစည်းများဘဏ်များ နှင့် ချိတ်ဆက် လုပ်ဆောင်နိုင်ရန် စွမ်းရည်မြှင့်တင် လုပ် ဆောင်ခြင်း။	ကျေးလက်ဦးစီး
၉။ လမ်းပန်းဆက် သွယ်ရေး	၁။ လမ်းပန်းဆက်သွယ် ရေး ဖွံ့ ဖြိုးလာရန်	၁၀၀	၄	ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲ ပါသည်။ ထို့အပြင် ကျောင်းသား/သူများသည် ဒေါင်းပုန်း အလယ်တန်းကျောင်းသို့သွားရန် ခက်ခဲမှု ရှိပါသည်။ ထို့ကြောင့် ကျေးရွာ တွင်း လမ်း၊ ဒေါင်းပုန်းလမ်းကို ပြုပြင်ရန် ကျေးလက်ဌာနနှင့် ချိတ်ဆက်လုပ်ဆောင်သွား ရပါမည်။	ကျေးလက်ဦးစီး
၁၀။ သဘာဝပတ် ဝန်းကျင်ထိမ်းသိမ်း ရေး	၁။ သဘာဝဘေး အန္တရာယ်အသိပညာ များရလာ၍ ထိမ်းသိမ်းလာ စေရန်	၅၂	၁၀	ကျေးရွာသည် ငလျင်၊ ရေဘေး၊ မီးဘေး၊ သစ်တောပြုန်း ခြင်းစသော ဘေးအန္တရာယ်များကို နှစ်စဉ်နီးပါး ကြုံတွေ့ နိုင်ပါသည်။ ထို့အပြင် ကျေးရွာလူထုသည် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေး နည်းပညာများနှင့် ပတ်သက်၍ အသိများမရှိ၊ မသိကြပါ။ထို့ကြောင့်သဘာဝပတ်ဝန်းကျင်နှင့်သစ်တောဌာန နှင့် ချိတ်ဆက်၍သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များ၊ သင်တန်းများချိတ်ဆက်လုပ်ဆောင်သင့်ပါသည်။	ကျေးလက်ဦးစီး

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်း အခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	ကျေးရွာအတွင်း ကျောင်းသား/သူများ ပညာရေးပတ်ဝန်းကျင် ကောင်းများ ရလာရန်	၁	√					
၂	စိုက်ပျိုးရေ လုံလောက်စွာ ရရှိ၍ စိုက်ပျိုးသီးနှံများ တိုးတက် ထုတ်လုပ်ရန်	၂	√					
၃	စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှုထုတ် လုပ်နိုင်ရန်	၃	√					
၄	လမ်းပန်းဆက်သွယ်ရေး ဖွံ့ ဖြိုးလာရန်	၄		√				
၅	မွေးမြူရေးတိရစ္ဆာန် များ ကာကွယ်ဆေး၊ ကုသ ဆေး များလက်လှမ်းမှီ ၍ မွေးမြူ ရေးဖွံ့ဖြိုးလာစေရန်	၅		√				
၆	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမှီ၍ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရန်	၆		√				
၇	ကျေးရွာအခြေပြု ငွေစု ငွေချေးအသင်းများ တည် ထောင်၍ ငွေကြေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၇			√			
၈	ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော အသေးစား ထုတ်ကုန် စီးပွားရေးလုပ်ငန်း များ တိုးမြှင့်လုပ်ဆောင်ရန်	၈			√			
၉	ကျေးရွာအိမ်ထောင်စုအားလုံး ဆိုလာ မီး လက် လှမ်း မှီရန်	၉			√			

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁၀	သဘာဝဘေး အန္တရာယ် အသိပညာ များရလာ၍ ထိမ်းသိမ်းလာ စေရန်	၁၀				√		
၁၁	တစ်နိုင်တစ်ပိုင် ဝင်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၁၁				√		
၁၂	လူငယ်များ အသိပညာ ဗဟု သုတနှင့် အားကစား လှုပ်ရှားမှု များ တိုးတက်လာ စေရန်	၁၂					√	
၁၃	ကျေးရွာတွင်းအဖွဲ့အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်	၁၃					√	

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျ နိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများမှ နည်းပညာနှင့် ငွေကြေးအကူ အညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း ငွေလုံးငွေရင်းအသုံးစရိတ်		လူသား ချင်းစာနာ မှုအ ထောက် အပံ့
				ငွေလုံး ငွေရင်း ရင်းနှီး မြှုပ်နှံမှု	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၁	ကျေးရွာအတွင်း ကျောင်းသား/ သူများ ပညာရေး ပတ်ဝန်းကျင် ကောင်းများရလာရန်			√		
၂	စိုက်ပျိုးရေလုံလောက်စွာရရှိ၍ စိုက်ပျိုးသီးနှံများတိုးတက် ထုတ်လုပ်ရန်			√		
၃	စိုက်ပျိုးမြေဖွဲ့ဖြိုးလာ၍ စိုက်ပျိုး ထုတ်လုပ်မှု ထုတ်လုပ်နိုင်ရန်				√	

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်းစာနာ မှုအ ထောက် အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံး ငွေရင်း ရင်းနှီး မြှုပ်နှံမှု	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၄	လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုး လာရန်			√		
၅	မွေးမြူရေးတိရစ္ဆာန် များ ကာကွယ် ဆေး၊ ကုသဆေးများလက်လှမ်းမှီ၍ မွေးမြူရေးဖွံ့ဖြိုးလာစေရန်				√	
၆	စိုက်ပျိုးရေးနည်းပညာ လက်လှမ်း မှီ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် လာစေ ရန်				√	
၇	ကျေးရွာအခြေပြု ငွေစု ငွေချေး အသင်းများ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်းများနှင့် ချိတ် ဆက်ခြင်း				√	
၈	ဒေသထွက် ကုန်ကြမ်းများကို အခြေခံသော အသေးစား ထုတ်ကုန် စီးပွားရေး လုပ်ငန်းများ တိုးမြှင့် လုပ်ဆောင်ရန်			√		
၉	ကျေးရွာအိမ်ထောင်စု အားလုံးဆိုလာမီး လက်လှမ်းမှီရန်			√		
၁၀	သဘာဝဘေး အန္တရာယ်အသိပညာ များရလာ၍ ထိမ်းသိမ်းလာ စေရန်				√	
၁၁	တစ်နိုင်တစ်ပိုင် ပင်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်				√	
၁၂	လူငယ်များ အသိပညာ ဗဟုသုတ နှင့် အားကစား လှုပ်ရှားမှုများ တိုးတက်လာ စေရန်				√	
	ကျေးရွာတွင်းအဖွဲ့ အစည်းများ လုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရန်				√	
				၅	၈	

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ

ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည်

စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)

- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၅	၅	၁၀	၂.၈%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၀	၈	၁၈	၉.၇%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၄	၂၀	၃၄	၅.၁%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၂၃	၂၅	၄၈	၁၃.၇%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၀၇	၁၀၆	၂၁၃	၆၀.၇%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၄	၁၄	၂၈	၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၁၇၃	၁၇၈	၃၅၁	**၁၀၀%**	
အိမ်ထောင်စု	၇၃				
ပျမ်းမျှအိမ်ထောင်စုဝင်	၄.၈				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၅နှစ်) (ကျောင်းဆရာ၊ အုပ်ချုပ်ရေးမှူးများမှတဆင့် တစ်အိမ်တက်ဆင်း ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပျမ်းမျှတစ်မိသားစု လျှင် (၄.၈) ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ (၆၀.၇%) ရှိပြီး၊ ကျေးရွာစီးပွားဖွံ့ဖြိုးမှုကဏ္ဍတွင် များစွာ အထောက် အကူပြုနိုင်ပါသည်။

၁.၂ လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း: အဓိကလုပ်ငန်း:	%	အခြား လုပ်ငန်း:	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း:**				
	• ကိုယ်ပိုင်လုပ်ငန်း	၄၉	၆၇.၁%		လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၂	**မွေးမြူရေးလုပ်ငန်း:**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း %	အခြား လုပ်ငန်း	မှတ်ချက်
၃	**ငါးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			
၅	**ကုန်ထုတ်လုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား		၆	ဟာလာဆန်စက် (၅) ဦး၊ ဝါးဖျာယက်လုပ်ခြင်း (၁)ဦး
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			
၇	**ဆောက်လုပ်ရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား			
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား		၂	စက်ချုပ် ၂ ဦး

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း %	အခြား လုပ်ငန်း	မှတ်ချက်
၁၀	**လက်လီလက်ကားအရောင်းအဝယ်**			
	• ကိုယ်ပိုင်လုပ်ငန်း		၂	စားသောက်ကုန် ခြောက် ရောင်းချခြင်း
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			
၁၆	**ပညာရေးလုပ်ငန်း**			
	• ကိုယ်ပိုင်လုပ်ငန်း			
	• လုပ်သား(လခစား၊နေ့စား လုပ်သား)			
	• မိသားစုဝင်လုပ်အား			

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း အဓိကလုပ်ငန်း	%	အခြား လုပ်ငန်း	မှတ်ချက်
၁၇	**ကျန်းမာရေး**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၈	**လူမှုရေးလုပ်ငန်းများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းများ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၂၄	၃၂.၉%		ကျေးရွာတွင် ကြုံရာကျပန်း လုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။
	• မိသားစုဝင်လုပ်အား				
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၇၃	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၇၃) အိမ်ထောင်စုရှိပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်သော အိမ်ထောင်စု(၆၇.၁%) အိမ်ထောင်စုရှိပြီး၊ ကျပန်းလုပ်ငန်း အဓိကလုပ်ကိုင်သည့် အိမ်ထောင်စု (၃၂.၉%)စု ရှိပါသည်။ ကျပန်းအလုပ်သမားများသည် စိုက်ပျိုးရာသီချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးလုပ်သားများအဖြစ် အဓိကလုပ်ကိုင်ပြီး ရွှေတူး၊ ရွှေကျင်လုပ်ငန်း၊ လမ်းလုပ်ငန်း၊ ဒေသထွက်ကျောက်မျက်ရှာဖွေခြင်းများ စသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၁၀	သင့်	ရ	(ကိုယ်ထူကိုယ်ထ ချောင်းပိတ် ဝါးခက်ဆည်)
ယာမြေ	၈၄၇.၃၅	သင့်	မရ	မိုးကောင်းသောက်
ဥယျာဉ်ခြံမြေ	၂	သင့်	မရ	မိုးကောင်းသောက်
ကိုင်း/ကျွန်းမြေ	၂၁	ကောင်း	မရ	မိုးကောင်းသောက်
စုစုပေါင်း	၉၈၀.၃၅			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ -၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား -ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စိုက်ပျိုးမြေအများစုသည် မြေဆီမြေဩ အသင့်အတင့် ကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ပါသည်။ တောင်သူများ၏ လက်ရှိ စိုက်ပျိုးနေသော လယ်ယာမြေများကြားတွင် တောင်သူ တစ်ဦးချင်းပိုင် ဖုန်းဆိုးမြေ (သို့) မြေလွတ်များရှိ၍ ကျေးရွာတွင် မြေယာတိုးချဲ့နိုင်သည့် အခွင့်အလမ်းရှိပါသည်။ တောင်သူများအနေနှင့် ၎င်းမြေများကို လယ်ယာမြေ ဖော်ရန် လုပ်အား၊ ငွေအား မတတ်နိုင်ခြင်းနှင့် လက်ရှိ လုပ်ကိုင်နေသော လယ်ယာမြေကိုပင် ပုံစံ(၇)၊ မြေယာမှတ်ပုံတင် မရှိကြသေးပါ။ ထို့ကြောင့် မြေယာ မှတ်ပုံတင်ရန် ကျန်ရှိနေသော လယ်ယာမြေ အားလုံး မှတ်ပုံတင်နိုင်ရန်၊ ပုံစံ(၇)ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၁.၃.၂ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(ကျောက်မျက်)	အသင့်အတင့်ရရှိ	သင့်
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	အသင့်အတင့်ရရှိ	သင့်

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီး ကျေးရွာပိုင်နယ်မြေဧရိယာအတွင်း ရွှေဥဒေါင်းချောင်း အထက်ပိုင်းတွင် ကျောက်မျက်ထွက်ရှိပါသည်။ ထွက်ရှိသော ကျောက်မျက်များမှာ နီလာ၊ ဂေါ်မိတ်၊ အင်တနီလာ၊ ပတ္ထမြား၊ စလင်းကျောက် တို့ထွက်ရှိပါသည်။ ဒေသခံများသည် လယ်ယာလုပ်ငန်းခွင် အလုပ်ပါးချိန်တွင် အိမ်ထောင်စု အားလုံးနီးပါး ကျောက်မျက်ရှာဖွေခြင်း လုပ်ကိုင်ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် တရုတ်ကျောက်မျက်ကုမ္ပဏီမှ ဧက(၅၀)ခန့်ကို ကျောက်မျက် ဧရိယာ သတ်မှတ်လုပ်ကိုင်နေပါသည်။ ကျေးရွာသားများအတွက် လုပ်ကိုင်ရန် ခက်ခဲသွားပါသည်။ ကျေးရွာပိုင် တောတောင်များတွင် တောင်ထန်း၊ တပင်ရွှေထီး၊ ဂုန်ကား၊ ဆူးခေါက်နက်၊ ကြောင်ပန်းသီးနှင့် ဇောင်ဂျမ်းသီး အစရှိသည့် တရုတ်စျေးကွက်ရှိသည့် ပရဆေးပင်များထွက်ရှိပါသည်။ ကျေးရွာမှ မြေယာမဲ့များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှလည်း ပရဆေးပင်များကို နှစ်စဉ်လာရောက် ထုတ်ယူ ရောင်းချကြသည်။ နှစ်စဉ် ထုတ်ယူရောင်းချသူများလာခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် ပရဆေးပင် ရရှိမှုအနည်းငယ် ရှားပါးလာပါသည်။ ကျွဲ၊ နွား အစာများသည် မိုးနှင့် ဆောင်းတွင် များစွာရရှိပြီး၊ နွေရာသီတွင် လွတ်ကျောင်း စားကျက်များအတွက် အသင့်အတင့်သာရရှိပါသည်။

၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ဧက (၁၅ -၂၅)	ဧက (၅ -၁၅)	(၅) ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	လေးပင် နှစ်ထပ်အိမ် ၊ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး၊	လေးပင် နှစ်ထပ်အိမ် ၊ ကြမ်းခင်း၊ ထရံကာ၊ သွပ်မိုး၊	သုံးပင် နှစ်ထပ်အိမ်၊ ကြမ်းခင်း၊သက်ကယ်မိုး၊ ထရံကာ	နှစ်ပင်အိမ်၊ မြေစိုက် ၊ သက်ကယ်မိုး၊ ထရံကာ
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု၊ လုပ်ဖက်ကိရိယာ	လက်တွန်းထွန်စက်၊ခိုင်းကျွဲ၊ ခိုင်းနွားအစုံ ရှိ	ခိုင်းကျွဲ၊ ခိုင်နွားတစ်ရှည်းရှိ	ခိုင်းကျွဲ၊ ခိုင်နွားတစ်ဖက်သာရှိ	တံစဉ်၊ ခါး၊ ပေါက်ပြား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊တီဗွီ၊ ဖုန်း	ဆိုင်ကယ်၊တီဗွီ၊ ဖုန်း	ဆိုင်ကယ်	-
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	တောင်သူ သိန်း(၂၅ - ၃၀)	တောင်သူ သိန်း(၁၀ - ၁၅)	ကျပန်း (၇- ၈)သိန်း	ကျပန်း (၅) သိန်း
အခြားပိုင်ဆိုင်မှု	စပါးကြိတ်စက်၊ ရေစုပ်စက်၊ ရွှေ လက်ဝတ်ရတနာအစုံ	ရေစုပ်စက်၊ လက်ဝတ်ရတနာတစ်ဆင့်စာ	အမျိုးသမီး နားကပ်	-
အိမ်ထောင်စု	၂၁	၁၅	၂၀	၁၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ -၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၂၁) ၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)၊ဆင်းရဲသောအိမ်ထောင်စု(၂၀)၊အလွန်ဆင်းရဲသောအိမ်ထောင်စု(၁၇)စု ရှိပါသည်။

၁.၅ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

၁.၅.၁ ဝမ်းစာဖူလုံမှု

ဇယား (၆) ဝမ်းစာဖူလုံမှု (ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇	၅၃.၈%	လုပ်အားအကြိုရောင်းခြင်း၊ အကြွေးယူပြီး ဝမ်းစာကို ဝယ်ယူစာသုံးကြပါသည်။
၃ လနှင့် ၅ လအထိ	၂	၁၅.၄%	ဈေးဆိုင်များမှ စားသောက်ကုန် အကြွေးဝယ်ခြင်း၊ ငွေတိုး ချေးငှားခြင်း နှင့် တနိုင်တပိုင် မွေးမြူရေးမှ ကွဲ၊ နွားတို့ကို ရောင်းခြင်းတို့ဖြင့် ဝမ်းစာကို ဖြေရှင်း ကြပါသည်။
၆လမှ၁၂လအထိ	၄	၃၀.၈%	ဈေးဆိုင်များမှ စားသောက်ကုန် အကြွေးဝယ်ခြင်း၊ ငွေတိုးချေးငှားခြင်း နှင့် တနိုင်တပိုင် မွေးမြူရေးမှ ကွဲ၊ နွားတို့ကို ရောင်းခြင်းတို့ဖြင့် ဝမ်းစာကို ဖြေရှင်းကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ -၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများသည် ယေဘုယျအားဖြင့် ဝမ်းစာဖူလုံမှုရှိကြပါသည်။

၁.၆ ထိခိုက်လွယ်မှု

၁.၆.၁ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	၁	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-

		အိမ်ထောင်စု အရေအတွက်
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	-
မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	-
	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ	-

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသက် (၆၀) နှစ် အထက် သက်ကြီး ရွယ်အို တစ်ဦးရှိပါသည်။ မိသားစုဝင်များသည် ဆင်းရဲပြီး စားဝတ်နေရေးခက်ခဲသောကြောင့် ကျေးရွာအနီးမှရသော အသီး

အရွက်များ (မျှစ်ချိုးခြင်း၊ အခြားဟင်းသီးဟင်းရွက်) ကို ခူးယူပြီး ကျေးရွာတွင် ရောင်းစားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပါသည်။ မလုံလောက်သည်ကို ရွာရပ်နှင့် ဆွေမျိုးတော်စပ်သူတို့မှ ကြည့်ရှု စောင့်ရှောက် ကြပါသည်။

၁.၆.၂ ထိခိုက်လွယ်မှုအမျိုးအစားများ

ဇယား (၈) ထိခိုက်လွယ်မှုအမျိုးအစားများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	တောင်သူငယ်များနှင့်ကျပန်းလက်လုပ်လက်စား များသည် ဝမ်းစာဖူလုံမှု မရှိကြပါ။
၂	သဘာဝအရင်းအမြစ်ရှား ပါးမှု(မြေ၊စိုက်ပျိုးရေ...)	လတ်	စပါးစိုက်ပျိုးရေးတွင် မိုးခေါင်ချိန်၌ စိုက်ပျိုး ရေမလုံ လောက်ပါ ။
၃	ရေကြီးခြင်း	မြင့်	ရွှေဥဒေါင်းချောင်းရေကြီးခြင်းကြောင့် စိုက်ခင်း များ ပျက်စီးခြင်း၊ ကျေးရွာကမ်းပါးပြို၍ မူလ တန်းကျောင်း၊ ဘုန်းတော်ကြီး ကျောင်းမြေများ ပြိုကျခြင်း၊ အဆောက်အဦတို့ စိုးရိမ်ရသည့် အခြေအနေရှိပါသည်။
၄	မိုးခေါင်ခြင်း	လတ်	မိုးဦး၊မိုနှောင်းကာလများတွင်မိုးခေါင်ခြင်းဖြစ် တတ်ပါ သည်။
၅	မုန်တိုင်း	နိမ့်	မိုးဦးကျနှင့် မိုးလယ်ကာလတို့တွင် မိုးသက် လေပြင်း တိုက်ခိုက်ခြင်း၊ လေနီကြမ်း တိုက်ခိုက် ခြင်းများကြုံတွေ့ရပါသည်။
၆	ငလျင်	မြင့်	နှစ်စဉ်၊ လစဉ် ငလျင်အသေးလေးများကြုံတွေ့ ရပါ သည်။ ပျက်စီးဆုံးရှုံးခြင်း များစွာမရှိပါ။ ၂၀၁၂ ခုနှစ်တွင် လူပ်ခတ်ခဲ့သော ငလျင်တွင် ဘုရားပြိုခြင်း၊ ဘုန်းကြီးကျောင်းပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရ ပါသည်။
၇	မီးဘေး	နိမ့်	ကျေးရွာသည် သစ်တောများနှင့် နီးကပ်စွာ တည် ရှိပြီး နှစ်စဉ် တောမီးလောင်ခြင်း ကြုံတွေ့ ရပါသည်။
၈	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်	ရွှေဥဒေါင်းချောင်း ရေတိုက်စားပြီး ချောင်းကမ်း ပါးပြိုခြင်း ၊ စိုက်ပျိုးမြေများ ပျက်စီးခြင်း။
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်	မီးသွေးဖုတ်ခြင်း၊ ပတ်ဝန်းကျင် ကျေးရွာများမှ သစ်၊ ထင်းလာရောက်ခုတ်ခြင်း၊ ကျောက်မျက် ကုမ္ပဏီ အခြေစိုက် လုပ်ကိုင်ခြင်းတို့ကြောင့် သစ်တော ပြုန်းတီးခြင်း များလာပါသည်။
၁၁	ငှက်ဖျားရောဂါ	လတ်	ကျန်းမာရေးဌာနမှ ငှက်ဖျားဧရိယာ သတ်မှတ် ထားသော ဧရိယာဖြစ်သည်။ လျော့နည်းလာပါသည်။
၁၂	တီဘီရောဂါ	လတ်	ကျေးရွာတွင်ဆေးစားပြီး (၃) ဦးရှိပါသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	အခြားဒေသများသို့အချိန်ကြာမြင့်စွာသွားရောက်အလုပ်လုပ်သူများ မရှိခြင်း၊ PSI စီမံကိန်းမှ ကိုယ်ခံအား ကျဆင်းမှုရောဂါနှင့် ပတ်သက်သည့်များကို အသိပညာပေးခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ရေကြီးခြင်း၊ ငလျင်၊ တောမီး၊ သစ်တောပြုန်းတီးခြင်း၊ နှင့် ဌက်ဖျား ရောဂါစသော ထိခိုက်လွယ်မှုအမျိုးအစားကို အနည်းနှင့်အများ တွေ့ကြုံရပါသည်။

၁.၆.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား (၉) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ခြင်း မရှိခြင်း၊ ကျန်းမာရေး၊ လူမှောင်ခိုကူးခြင်း အသိပညာများပေးခြင်းများရရှိပါသည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ပုံမှန်အလုပ်အကိုင်မရှိချိန်များတွင် စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း ကြုံတွေ့နိုင်ပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	သဘာဝဘေးအန္တရယ်ဖြစ်သော မိုးခေါင်ခြင်း၊ လေပြင်း တိုက်ခိုက်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း ၊ ငလျင်၊ ချောင်းရေတိုက်စားခြင်းနှင့် သီးနှံများတွင် ဖျက်ပိုးနှင့်ရောဂါကျရောက်ခြင်း ၊ တိရိစ္ဆာန်များ ရောဂါ ကျရောက်ခြင်း၊ တိရိစ္ဆာန်နှင့် သီးနှံဈေးနှုန်း မတည်ငြိမ်ခြင်းများကြုံတွေ့ရနိုင်ခြင်း တို့ကြောင့် ဝမ်းစာ အခက်အခဲကြုံတွေ့နိုင်ပါသည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မြင့်	မိုးများလျှင် ရွှေဥဒေါင်း ချောင်းရေ တိုက်စားခြင်းကြောင့် ချောင်းကမ်းရှိ အိမ်ထောင်စုများ၊ မူလတန်းကျောင်း ၊ ဘုန်းတော်ကြီးကျောင်းတို့ မြေပြိုခြင်းနှင့် ချောင်းဘေးရှိ စိုက်ခင်းများ ပျက်စီးခြင်း ကြုံတွေ့ရပါသည်။
၅	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မြင့်	တွင်းငယ် ၊ မိုးမိတ်လမ်းပေါ် ကျေးရွာအနီးရှိ ကျောက်ဖြူကွေ့နှင့်ပန်းဘဲကျကွေ့တို့တွင် ခရီးသွားဆိုင်ကယ်များနှင့် ကားများ မကြာခဏ ယာဉ်တိုက်မှုဖြစ်ပါသည်။
၆	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	အလုပ်အကိုင်နည်းပါးချိန်တွင် စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်း ကြုံတွေ့နိုင်ခြင်း။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၇	ဒေသတွင်းပဋိပက္ခ ဧရိယာ	နိမ့်	ကျောက်မျက်လုပ်ကွက်ကုမ္ပဏီနှင့် ဒေသခံကျေးရွာ များ ရွှေဥဒေါင်းချောင်းရေ ပိတ်ဆို့ခြင်း၊ သောက်သုံးရေ မသန့်ရှင်း ကိစ္စရပ်များတွင် ပဋိပက္ခကြုံတွေ့နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ -၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မိုးများခြင်း၊ ရွှေဥဒေါင်းချောင်းရေကြီးခြင်းကြောင့် စိုက်ပျိုးသီးနှံ ပျက်စီးခြင်း၊ ချောင်း ကမ်းပါးပြိုခြင်းကြောင့် မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် အန္တရာယ်ရှိသော အနေအထားရှိပါသည်။ မူလတန်းကျောင်းမြေပြိုခြင်းမှာ ပိုမို စိုးရိမ် ရသောကြောင့် ကျောင်းနေရာပြောင်းရွှေ့ရန် မြို့နယ်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ကျေးရွာ မြေနေရာ ရွေးချယ်ခြင်းတို့ လုပ်ဆောင်ပြီးစီးပြီးဖြစ်၍ သက်ဆိုင်ရာမှ ခွင့်ပြုမှုရပါက ကျောင်းဆောင် အသစ် ဆောက်လုပ်ရန် အစီအစဉ်ရှိပါသည်။ ငှက်ဖျား ရောဂေါ၊ တီဘီရောဂါ တို့သည် ကျေးရွာတွင် ကူးစက်ဖြစ်ပွားနိုင်မှု အခြေအနများသော်လည်း ပြည်သူကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့အစည်း (PSI) အဖွဲ့မှ ကျေးရွာအဆင့် ကျန်းမာရေးလုပ်သား(အကျိုးဆောင်) ကို သင်တန်းနှင့် ဆေးဝါး၊ ပစ္စည်းပံ့ပိုးပေခြင်း၊ အသိပညာပေးဆောင်ရွက်ခြင်းများကြောင့် ငှက်ဖျားရောဂေါ၊ တီဘီရောဂါ ဖြစ်ပွားခြင်းသိသိသာသာ လျော့ကျလာပါသည်။ ကျေးရွာ တွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်ခြေများသောကြောင့် ကျေးရွာသူကျေးရွာသားများကို သဘာဝဘေးအန္တရာယ် လျော့ချရေး အသိပညာပေးခြင်း သင်တန်းများ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်။ ကျေးရွာတွင် ကျောက်မျက်လုပ်ငန်းနှင့် ပတ်သက်ပြီး ကုမ္ပဏီနှင့် ကျေးရွာသူ၊ ကျေးရွာ သားများကြား ကြုံတွေ့နေသော ပြဿနာမှ ဒေသတွင်းပဋိပက္ခ မကြီးကျယ်ခင် သက်ဆိုင်ဌာနများ၊ အဖွဲ့များနှင့် အချိန်မှီ ချိတ်ဆက်ညှိနှိုင်း ဆွေးနွေးရန် လိုအပ်ပါသည်။

၂. လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	မိဘဆရာအသင်း	၂	၁၀	၄	၁၄	ကျောင်းပညာ ရေးတိုးတက်ရန်	၄	၆
၂	ကျောင်းအကျိုး တော်ဆောင်	၂	၇	-	၇	ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်	၄	၆
၃	ဓမ္မစကြာ	၂	-	၃၀	၃၀	ဘာသာရေး	၄	၆
၄	မီးသတ်အဖွဲ့	၂	၈	-	၈	ကျေးရွာမီးဘေး ကာကွယ်ရန်	၄	၆

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၅	ဂေါပက	၂	၃	-	၃	ဘာသာရေး	၄	၆
၆	သမငွေစုငွေချေး	၁	၅	-	၅	ငွေစု၊ငွေချေး လုပ်ငန်းအကျိုးဆောင်	၄	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူထုများသည် ပူးပေါင်းပါဝင်မှုကောင်းသော်လည်း အမျိုးသမီးများ၊ လူငယ်များသည် ပါဝင်ခွင့်နည်းကြပါသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ၊ ခေါင်း ဆောင်မှုဆိုင်ရာသင်တန်းများ ချိတ်ဆက်ရယူရန်လိုအပ်ပါမည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ -၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဗန္ဓေကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၃ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

၂.၃.၁ စိုက်ပျိုးရေးသီးနှံ

၂.၃.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅	၆.၈%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၂၆	၃၅.၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ဧကထိ(၂ ဟတ်တာထိ)	၃၁	၄၂.၆%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာထိ)	၅	၆.၈%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်)	၆	၈.၂%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၇၃**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမပိုင်ဆိုင်မှု လုံးဝမရှိသည့် အိမ်ထောင်စု (၆.၈%) ရှိပါသည်။ မြေ (၅) ဧက အောက် ဆင်ရဲသားတောင်သူ၊ တောင်သူငယ် (၇၈.၂%) ရှိပြီး ထိုဆင်းရဲသားတောင်သူငယ်များသည် ခိုင်းကျွဲ၊ ခိုင်းနွားမပြည့်စုံခြင်း၊ သွင်းအားစုများ အပြည့်အဝမထည့်နိုင်ခြင်းတို့ကြောင့် စိုက်ဧက မြေ အားလုံးကို ပုံမှန် မစိုက်ပျိုးနိုင်ပါ။ စိုက်ပျိုးမြေ (၅) ဧက နှင့် (၁၂)ဧကကြား ပိုင်ဆိုင်သည့် တောင်သူ (၆.၈%) ရှိပြီး၊ (၁၂) ဧက အထက်ပိုင်ဆိုင်သော တောင်သူကြီး (၈.၂%) ရှိပါသည်။

၂.၃.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ရေလွှဲဆည်	ကျေးရွာ ကိုယ်ထူကိုယ်ထ ဝါးခက်ဆည်	၄၈	ရာသီအလိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်မြေဧက (၁၁၀) သည် ကိုယ်ထူကိုယ်ထ ဝါးခက်ဆည်မှ စိုက်ပျိုးရေ ရရှိ စိုက်ပျိုးနိုင်ပါသည်။ ဝါးခက်ဆည် ရေတားကျိုးခြင်းကြောင့် နှစ်စဉ်(၅)ကြိမ်နှင့် (၁၀)ကြိမ်ကြား ပြုပြင်ရပါသည်။ မိုးနည်းသည့် နှစ်များတွင် စပါးအထွက်နှုန်း ကျဆင်းပါသည်။ ယခုအချိန်တွင် သစ်ဝါးပေါ်၍ ပြဿနာ မရှိသော်လည်း နောင်သစ်ဝါးရှားပါးချိန်တွင် ပြုပြင်ရန် ခက်ခဲလာပါမည်။ ထို့ကြောင့် ၎င်းဆည်ကို ရေရှည်ခိုင်ခံ့ရန် ဆည်မြောင်း၊ ကျေးလက်ဌာနများဖြင့် ချိတ်ဆက်၍ ငွေကြေး၊ နည်းပညာအကူအညီများ ရယူရန် လို အပ်ပါမည်။ ဆည်မှ သွယ်ယူသော ရေလွှဲမြောင်းသည် မိုးမိတ်၊ တွင်းငယ်ဗျူဟာလမ်းကို ဖြတ်ကျော်ရပြီး ကားအသွားအလာများခြင်းကြောင့် ရေလွှဲပြန် နှစ်စဉ်ကျိုးခြင်း၊ ရေပြန်ထဲ၌ အမှိုက်များ၊ ဒိုက်များ ပိတ်ဆို့သဖြင့် စိုက်ပျိုးလယ်များတွင် ရေအလုံအလောက်မရရှိခြင်းနှင့် ကြုံတွေ့ရပါသည်။ ဝါးခက်ဆည် ခိုင်ခန့်ပါက ရေပိုမို လှောင်နိုင်ပြီး ကျေးရွာအနေဖြင့် စိုက်ဧက ဧက(၆၀)ခန့် လယ်မြေအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ပြီး၊ ကုလားပဲသီးနှံကို သီးထပ်စိုက်ပျိုး လာနိုင်ပါမည်။ ထိုကြောင့် လယ်မြေများ စပါး ပုံမှန်စိုက်ပျိုးနိုင်ရန်နှင့် သီးထပ်သီးနှံပါ စိုက်ပျိုးနိုင်ရန် ဝါးခက်ဆည်ကို ပြုပြင်ခြင်းနှင့် ရေလွှဲပြန်ကို ခိုင်ခန့်သော သံကူကွန်ကရစ် ရေပြန်ပြုလုပ်ရန် လိုအပ်ပါသည်။

၂.၃.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၁၁၀	တင်း	၃၀	၆၀	၅၀	ဝါဆို၊ ဝါခေါင်	မြင့်	မြင့်	
ပဲစဉ်းငုံ	၁၅၀	တင်း	၃	၁၀	၅	ကဆုန်၊ နယုန်	မြင့်	လတ်	အထွက်နည်းပါသည်။

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
နှမ်း	၁၅၀	တင်း	၃	၈	၄	ဝါခေါင်၊ တော်သလင်း	နည်း	မြင့်	ဆောင်းနှမ်း
ပဲတီစိမ်း	၁၅	တင်း	၁	၄	၂	ကဆုန်	မြင့်	နိမ့်	ရာသီဥတုမကောင်းသီးနှံပျက်ခြင်း။ အထွက်နှုန်းနည်းခြင်း
ပဲကြီး	၁၀	တင်း	၅	၁၅	၁၀	တော်သလင်း သီတင်းကျွတ်	နည်း	လတ်	
ထော ပတ်ပဲ	၁၀	တင်း	၇	၁၅	၁၀	ဝါခေါင်	နည်း	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများသည် စပါး၊ပဲစဉ်းငုံ နှင့် နှမ်းသီးနှံတို့ကို အဓိက စိုက်ပျိုးပြီး၊ ပဲတီစိမ်း၊ ပဲကြီးနှင့် ထောပတ်ပဲတို့ကို အနည်းငယ် စိုက်ပျိုးကြပါသည်။ သဘာဝနွားချေး၊ ကျွဲချေးများကို လယ်မြေကိုသာ အဓိက ဦးစားပေးထည့်ပြီး၊ နွားချေးမလုံလောက်၍ ယာမြေကို သဘာဝနွားချေး ထည့်နိုင်မှု နည်းပါသည်။ ဓာတုမြေဩဇာများလည်း တောင်သူများ အလုံအလောက်မသုံးနိုင်ပါ။ ရာသီဥတုမမှန်ခြင်း (မိုးများခြင်း၊ မိုးခေါင်ခြင်း)၊ ပိုးမွှားရောဂါ ကျရောက်ခြင်း၊ သွင်းအားစုများကို အချိန်မှီ မထည့်နိုင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် လက်လှမ်းမမှီခြင်းတို့ကြောင့် သီးနှံများအထွက်နှုန်း ကျဆင်းလာပါသည်။ စပါးသီးနှံတွင် အမြစ်ပိုးဝင်ခြင်း၊ နီတိုရောဂါဝင်ခြင်းတို့ဖြစ်ပါသည်။ နှမ်းတွင်ရွက်လိပ်ပိုးကျရောက်တတ်ပြီး၊ ပဲစဉ်းငုံ၊ ပဲကြီးနှင့် ပဲတီစိမ်းသီးနှံတို့တွင် သီးလုံးဖောက်ပိုးများ ကျရောက်ပါသည်။ နှမ်းသီးနှံကို မိုးဦးရာသီတွင်၊ မိုးများခြင်း၊ မိုးခေါင်ခြင်းကြောင့် အပျက်အစီးများသောကြောင့် မစိုက်ပါ။ ဆောင်းရာသီတွင် နှမ်းကို အဓိက စိုက်ပျိုးကြပါသည်။ စပါးစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နှင့် နှမ်းရိတ်သိမ်းချိန်များတွင် လုပ်အားလိုအပ်ချက် တူညီခြင်း၊ လုပ်သားများ အခြားဝင်ငွေကောင်းသော အလုပ်များ (မျှစ်ချိုး၊ လမ်းဖောက်ခြင်း၊ ပန်းရံနောက်လိုက်ခြင်း၊ ကျောက်မျက်လုပ်ငန်းများ) သွားရောက်လုပ်ကိုင်ခြင်း တို့ကြောင့် တောင်သူကြီးများနှင့် တောင်သူလတ်များတွင် လုပ်သားရှားပါးသည့် ပြဿနာနှင့် ကြုံတွေ့ရပါသည်။

၂.၃.၁.၄ လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား (၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၆	မရှိ	တောင်သူကြီးနှင့် တောင်သူအလတ်တို့ ပိုင်ဆိုင်ကြပြီး၊ ကျန် တောင်သူများထံမှ ငှားရမ်း သုံးစွဲနိုင်ပါသည်။ ငှားရမ်း သုံးစွဲသူသည် ဆီတစ်ဂါလံ ထည့်လျှင် (၁၅၀၀၀)တစ်သောင်း ခွဲ ကျပ်နှုန်းပေးငှားရပြီး (၁.၅) ဧကခန့် ထွန်ယက်နိုင်ပါသည်။
ရေစုပ်စက်	၃	မရှိ	ရေတင်စိုက်ပျိုးရန် ရေအရင်းအမြစ် လက်လှမ်းမမှီပါ။ကျေး ရွာသာရေးနာရေး ကိစ္စများတွင် မီးစက်အဖြစ် အသုံးပြုခြင်းသာ လုပ်ဆောင်ပါသည်။
မြက်ရိတ်စက်	၄	မရှိ	တောင်သူကြီးနှင့် တောင်သူအလတ်များ ပိုင်ဆိုင်ကြပြီး တစ်ရက်ကို (၅၀၀၀) ငါးထောင် ကျပ်နှုန်းဖြင့် ငှားရမ်းသူမှ ဆီထည့်ပြီး သုံးရပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနေဖြင့် ကျွဲနွားများကို အဓိကအသုံးပြုကြပြီး၊ လက်တွန်းထွန်စက်များကိုလည်း ငှားရမ်းသုံးစွဲနိုင်ပါသည်။

၂.၃.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	တောင်သူတစ်ဦးချင်းတွင် လက်ရှိစိုက်ပျိုးနေသော လယ်၊ ယာမြေများနှင့် တစ်ဆက်တည်းမှာပင် မြေလွတ် ၊ ဖုန်းဆိုးမြေများရှိ၍ ထပ်မံတိုးချဲ့နိုင်ပါသည်။
ရေအရင်းအမြစ်	ရှိ	ကိုယ်ထူကိုယ်ထဝါးခက်ဆည် မှ လယ်မြေများအတွက် စိုက်ပျိုးရေ ရရှိပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ကျေးရွာတွင် နွားချေး၊ ကျွဲချေး နှင့် လယ်ယာထွက် သီးနှံများ စွန့်ပစ်ပစ္စည်းများ ပေါများပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	လက်လှမ်းမမှီပါ။ သုံးစွဲသည့် အလေ့အထမရှိသေးပါ။
ချေးငွေရရှိမှု	ရှိ	မြန်မာ့စိုက်ပျိုးရေးဘဏ်၊ သမအသင်းစု၊ ပုဂ္ဂလိက(တရုတ်ချေးငွေ နှင့် ကျေးရွာမှ ငွေတိုးချေးသူများ) ထံမှ ချေးငွေရရှိပါသည်။
သွင်းအားစုစျေးကွက်	ရှိ	မန္တလေးမြို့၊ တွင်းငယ်ကျေးရွာတို့တွင် စိုက်ပျိုးရေးသုံး မြေဆီသြဇာ၊ ပိုးသတ် ဆေးနှင့် လယ်ယာသုံးပစ္စည်း ကိရိယာများကို အလွယ်တကူ ဝယ်ယူနိုင်ပါသည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ဝန်ဆောင်မှုဈေးကွက်	မရှိ	စိုက်ပျိုးရေးဝန်ဆောင်မှု လက်လှမ်းမမှီပါ။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	မန္တလေးမြို့သို့ တိုက်ရိုက်ရောင်းဝယ်နိုင်ခြင်း။ ကျေးရွာပတ်ဝန်း ရွာများမှ ပွဲစား များမှ တိုက်ရိုက်ဝယ်ယူခြင်းများ ရှိပါသည်။

ရည်ညွှန်း ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူအများစုသည် မြေယာတိုးချဲ့နိုင်သည့် အခွင့်အလမ်းရှိပါသည်။ ထိုမြေလွတ်မြေရိုင်းများကို မြေပြင်စိုက်ပျိုး နိုင်သော်လည်း မြေယာပြင်ဆင်ရန် စရိတ်မတတ်နိုင်သောကြောင့် မြေယာတိုးချဲ့မှု မလုပ်နိုင်ကြပါ။ ကျေးရွာတွင် သဘာဝ မြေဩဇာပြုလုပ်ရန် ကုန်ကြမ်းများဖြစ်သည့် ကျွဲချေး၊ နွားချေးများ၊ လယ်ယာထွက် စွန့်ပစ်အမှိုက်များနှင့် သစ်ရွက်၊ မြက်များ များစွာရှိပါသည်။ ကျေးရွာရှိတောင်သူများသည် ချေးငွေပံ့ပိုးမှုအနေဖြင့် စိုက်ပျိုးရေးဘဏ်မှ တောင်သူ (၃၁) ဦး၊ သမအသင်းစုမှ (၅၀) ဦး၊ တရုတ်ချေးငွေမှ (၃၁) ဦးနှင့် လိုအပ်ပါက ကျေးရွာမှ ငွေတိုး ချေးသူ များထံတွင် ချေးငှားနိုင်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများရှိပါ သည်။

၂.၃.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	တောင်သူတစ်ဦးချင်းပိုင်မြေယာတိုးချဲ့နိုင်သော်လည်း မြေယာပြုပြင်တိုးချဲ့ရန် အရင်းအနှီး၊ နည်းပညာ မတတ်နိုင်ခြင်း ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု		တောင်သူများလိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေ အလုံ အလောက် မရရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သော သွင်းအားစုများကို လိုအပ်သလောက် အချိန်မီ ထည့်သုံးရန် လယ်သမားများတွင် အရင်းအနှီး မလုံလောက်ခြင်း။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ကျေးရွာရှိတောင်သူများ လုပ်သားလိုအပ်မှုတူခြင်း၊ ကျပန်း အလုပ်သမားများ ဝင်ငွေကောင်းသော အခြား ဝင်ငွေရအလုပ်များ လုပ်ကိုင်ကြခြင်း။
ဆည်မြောင်းရေရရှိမှု (ကိုထူကိုယ်ထဆည်)	ရှိ	မိုးရာသီ မိုးများသည့် အချိန်များတွင် ဆည်ရေတား မကောင်း၍ ရေသိုလှောင် နိုင်မှုနည်းပြီး၊ စိုက်ပျိုးရေ မလုံလောက်ခြင်း။
မိုးရေမလုံလောက်မှု	ရှိ	မိုးဦးကာလများတွင် နှစ်စဉ်နည်းပါး မိုးခေါင်ခြင်း ကြုံတွေ့ရပါသည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု		ချေးငွေ အလုံအလောက် မရရှိခြင်း၊ လိုအပ်သော စိုက်ပျိုးရေးပစ္စည်းများကို အလုံအလောက် မဝယ်နိုင်ခြင်း၊ ခိုင်းကျွဲ၊ ခိုင်နွားမပြည့်စုံခြင်း၊ လုပ်သားရှားပါးခြင်း၊ ရာသီဥတု မမှန်၍ စိုက်ပျိုးချိန် နောက်ကျခြင်း။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးသီးနှံတွင် မြစ်ပိုးနှင့် အပင်နီတိုဝင်ခြင်း၊ နှမ်းသီးနှံတွင် ရွက်လိပ်ပိုးကျ ရောက်ခြင်း၊ ပဲတီစိမ်း၊ ပဲစဉ်းငုံသီးနှံတို့တွင် သီးလုံးဖောက်ပိုးများ ကျရောက် ခြင်း။ ကြိုတင် ကာကွယ်ခြင်း မလုပ်နိုင် ၊ ပိုးကျရောက်လျှင်လည်း တောင်သူတိုင်းပိုးသတ်ဆေး မသုံးနိုင်ခြင်း။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာအကူအညီ နှင့် နည်းလမ်းများ	ရှိ	စိုက်ပျိုးရေး နည်းပညာ ကူညီပံ့ပိုးမှု မရရှိပါ ။
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	မန္တလေးမြို့ ကုန်သည် ပွဲစားဈေးကွက်လက်လှမ်း မှီသော်လည်း၊ ကျေးရွာ ကုန်သည် ဈေးကွက်နှင့် မန္တလေးမြို့ ဈေးကွက် ဈေးနှုန်းကွာဟမှုရှိခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေဘဏ်နှင့် တရုတ်ချေးငွေများသည် ပုံစံ(၇) မြေယာမှတ်ပုံတင် ရှိမှသာ ချေးငှားနိုင်ပါသည်။ တောင်သူများသည် စိုက်ပျိုးရေး သွင်းအားစုများ အချိန်မှီဝယ်ယူ အသုံးပြုနိုင်ရန် ချေးငွေ အလုံအလောက်မရရှိပါ။ ကျေးရွာရှိ တောင်သူအများစုအတွက် စိုက်ပျိုးရေး သွင်းအားစုများ အချိန်မှီထည့်နိုင်ရန် ချေးငွေရရှိနိုင်သော အဖွဲ့အစည်များနှင့် ချိတ်ဆက်ပေးရန် လိုအပ်ပါသည်။ သီးနှံစုံဘက်စုံပိုးမွှားရောဂါကာကွယ်နိုင်ရန်နှင့် သီးနှံစုံစိုက်ပျိုးရေးနည်းစနစ် (စပါး၊ ပဲတီ စိမ်း၊ ပဲစဉ်းငုံ၊ ဥယာဉ်ခြံ သီးနှံနှင့် အခြားသီး ထပ်သီးညှပ်) စိုက်ပျိုးခြင်းများကို စနစ်တကျ ပြုလုပ်နိုင်ရန် နည်းပညာ ရရှိနိုင်သောဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရပါမည်။

၂.၃.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂.၃.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၄၂	(၂၅၃) ကောင်
ကျွဲ	၁၅	(၁၁၅) ကောင်
ဆိတ်	၁	၆
ဝက်	၁၄	(၁၉) ကောင်
ကြက်	၂၈	(၂၁၄) ကောင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျွဲနွားများကို သာ လယ်ယာစိုက်ပျိုးရေးအတွက် အဓိကမွေးမြူကြပါသည်။ မွေးမြူရေး အသိပညာနည်းပါး၍ အခြားမွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့မွေးမြူခြင်းမရှိပေ။

၂.၃.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ကျေးရွာနှင့် တစ်မိုင်နှစ်မိုင် အတွင်း လက်လှမ်းမှီမှု ရှိပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ရေရရှိမှု	တိရိစ္ဆာန်များအတွက် နှစ်ပတ်လည် ရေလုံလောက်စွာ ရရှိပါသည်။
တိရစ္ဆာန်မျိုး	မွေးမြူနေသည့်မျိုးများမှာ ဒေသမျိုး ဖြစ်သော်လည်း ရာသီဥတုနှင့် ကိုက်ညီမှု ရှိပြီး မျိုးကောင်းပါသည်။
သွင်းအားစုစျေးကွက်	ကျွဲ၊နွား၊ဆိတ်အတွက် စားကျက်ပေါများပြီး ဝက်စာအတွက် ကျေးရွာတွင်း ဖွဲစကွဲ ပေါများစွာ ရရှိပါသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် အိမ်ခြံဝင်း ကျယ်ပါသည်။
အခြား(၃)တိရိစ္ဆာန်မွေးမြူရေးအတွက် အဆောက်အဦးလက်လှမ်းမီမှု	အဆောက်အဦး ဆောက်လုပ်ရန် အတွက် သစ်၊ဝါးလက်လှမ်းမီမှု ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်

လေ့လာတွေ့ရှိချက်။ ။ ယာခင်းသီးနှံ စိုက်ပျိုးခြိန်တွင် ကျွဲ ၊နွားများကို ကျေးရွာပိုင် သစ်တောများတွင် လွတ်ကျောင်း၍ရပါသည်။ ကျေးရွာတွင် တရုတ်ဟာလာစက် များရှိပြီး ဆန်ကွဲ၊ ဖွဲနုများ ရရှိပါသည်။ ကျေးရွာ တည်ရှိမှုသည် တောင်ပေါ်ကျေးရွာ ဖြစ်သဖြင့် ခြံဝင်း မြေများ ကျယ်ပြန့်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းအတွက် အိမ်ခြံဝင်းမြေနေရာလုံလောက်မှု ရှိပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းအတွက် မြေယာမဲ့များ၊ တောင်သူငယ်များ အစာရေစာ၊ စားကျက်ပေါများခြင်း၊ အိမ်ခြံမြေနေရာရှိခြင်းစသော အခွင့်အလမ်းများကြောင့် ဆိတ်မွေးမြူရေးမိသားစု တစ်ဖက် တစ်လမ်း ပင်ငွေရရန် လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် သင့်တော်ပါမည်။

၂.၃.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် တိုးချဲ့မွေးမြူနိုင်ရန် အတွက် အတိုးနှုန်းသင့်တင့်သော အရင်းအနှီး ရရှိရန် ခက်ခဲပါသည်။
ကူးစက်ရောဂါဖြစ်ပွားမှု	နှစ်တိုင်း တိရစ္ဆာန်ရောဂါ ကျရောက်မှုရှိပြီး ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။
ဝန်ဆောင်မှုစျေးကွက်	တိရိစ္ဆာန်ရောဂါ ကျရောက်လျှင် ကုသရန်နှင့် ကာကွယ်ရန် ဆရာဝန်၊ တိမွေးကု ဦးစီးဌာနနှင့် လက်လှမ်းမီမှု မရှိပါ။
ထုတ်ကုန်ရောင်းဝယ်မှုစျေးကွက်	ကျွဲ၊ နွား များရောင်းချရန်အတွက် တရုတ်မှောင်ခို စျေးကွက်ကို စောင့်ရပြီး ရောင်းချရပါသည်။ တွင်းငယ်တွင် အမဲဝက်အတွက် လိုင်စင်ရုံရှိသော်လည်း တွင်ကျယ်စွာ မလုပ်နိုင်ပေ။ များများမဖြုန်းနိုင်၊ ခုံကလာဝယ်ခြင်း မဟုတ်ဘဲ သွားရောင်းလျှင် စျေးအနှိမ်ခံရခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တိရစ္ဆာန်ရောဂါ ဖြစ်ပွားမှုနှုန်းများပြီး ပျက်စီးဆုံးရှုံးမှု နှစ်တိုင်းဖြစ်ပါသည်။ ကျွဲ ၊ နွားများသည် ပေါင်ပုတ်လက်ပုတ်ရောဂါ၊ လေးဘက်နာ၊ လယ်ချောင်းကွဲနာ၊ ခွာနာလျှာနာ ရောဂါများ အဖြစ် များပါသည်။ ခွာနာလျှာနာ အများစု အုပ်စုလိုက် ဖြစ်ကြပြီး ဒေသကုထုံးနှင့်သာ ကုသကြပါသည်။ ဆိတ်ကို အိမ်ထောင်စုတစ်စုသာ မွေးမြူပြီး ကျန်အိမ်ထောင်စုများသည် မွေးမြူကြရန် ဆန္ဒရှိပါသည်။ ဆိတ်မွေးမြူရန် စားကျက်ပေါများစွာ ရှိပါသည်။ ကျေးရွာသည် အများအားဖြင့် မွေးမြူရေးကို မွေးမြူကြသော်လည်း မြို့နယ်တိ/က ဦးစီးဌာနမှ ကာကွယ်ဆေး လာရောက်ထိုးခြင်းမရှိပေ။ တွင်းငယ်တွင် သင်တန်းဆင်း အခြေခံမွေးမြူရေးလုပ်သား ကြက်ခြေပြာရှိပြီး လက်လှမ်းမီပါသည်။ တိရစ္ဆာန်များကို ရောင်းချရန်အတွက် အလွယ်တကူ လက်လှမ်းမီမှု မရှိပေ။ မှောင်ခိုဈေးကွက် ဆင်းပါက ကျွဲ၊ နွားများကို အလွယ်တကူ ရောင်းချနိုင်ပြီး ဈေးကောင်းပိုရကြပါသည်။ တွင်းငယ်တွင် လိုင်စင်ရ အမဲဒိုင် ရှိသော်လည်း ဒိုင်ကလာရောက်ဝယ်ခြင်း မဟုတ်ဘဲ သွားရောင်းလျှင် ထက်ဝက်ဈေးပဲ ရတတ်ကြပါသည်။ ဒိုင်သည် လုပ်ငန်းတွင်ကျယ်မှုနည်းပါးပြီး၊ များများ ဖြန်းနိုင်ခြင်း မရှိပေ။ တနိုင်တပိုင်မွေးမြူရေးအတွက် အခြေခံမွေးမြူရေးပညာများ လိုအပ်ပြီး၊ ကျေးရွာအတွင် မွေးမြူရေးလုပ်သားများရှိပါက ကျွေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

၂.၃.၃.၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း		၅၃		(နိမ့်) ဝါး၊ ထင်း ခုတ်ခြင်း၊ ပရဆေးပင်များတူးဖော်ရောင်းချခြင်း၊ ကျောက်မျက်တနိုင်တပိုင် တူးဖော်ခြင်း၊ မျှစ်ချိုးရောင်းခြင်း လုပ်ငန်းတို့သည် လုပ်ငန်း ပုံမှန်၊ ဝင်ငွေပုံမှန်မရှိခြင်းကြောင့် မိသားစု စားဝတ်နေရေးကို အနည်းငယ်သာ အထောက်အကူ ဖြစ်ပါသည်။
၂	ထုတ်ကုန်လုပ်ငန်း	၆			(လတ်) ဟာလာဆန်စက် (၅) ဦး၊ ဆန်စက်လုပ်ငန်းမှ ဝင်ငွေသည် လုပ်ငန်းခွင်ရှာသီအတွင်း မိသားစု ရပ်တည်နိုင်မှု အသင့်အတင့် ရရှိပါသည်။ (ဝါးဖျာယက်လုပ်ခြင်း (၁)ဦး)

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				–
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း		၂၃		(နိမ့်) လက်သမား(၁၈) ဦး ၊ ပန်းရံ (၁၃) ဦးလက်သမားများ သည် ကျေးရွာနေအိမ် အဆောက် အဦးအကြမ်း ဆောက်လုပ်ခြင်း၊ ပန်းရံနောက် လိုက် အလုပ်ကြမ်း လမ်းတံတား ဆောက်လုပ် ခြင်း လုပ်ငန်းတို့သည်အလုပ်ပုံမှန်မ ရှိခြင်း၊အလုပ် ကြမ်းသမားများ ဖြစ် ခြင်း၊ လုပ်အားခနည်းခြင်း တို့ ကြောင့် မိသားစု ရပ်တည်နိုင်မှု အနည်းငယ် သာ အထောက်အကူ ဖြစ်ပါသည်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				–
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)	၂			(လတ်) စက်ချုပ်(၂) ဦးအဝတ် အထည်များပုံမှန်ချုပ်ရပြီး၊ အခြား ကျေးရွာ(၂) ရွာ၏ အဝတ်အပ်ထည်များ ချုပ်ရ သောကြောင့် မိသားစု စားဝတ် နေရေးကို အသင့်အတင့် အထောက်အကူဖြစ်ပါသည်။
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၂			(လတ်) စားသောက်ကုန် ခြောက်ရောင်းချခြင်းသည် ရောင်းအား အသင့်အတင့် ကောင်းမွန်၍ လုပ်ငန်းမှ အမြတ်ငွေ ရရှိသည့်အပြင် မိသားစုစားသောက်စရိတ် ကုန်ကျမှုသက်သာပါသည်။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်း ခြင်း နှင့် ဆက်စပ်သော လုပ်ငန်း များ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ် ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး		၁		(လတ်) ပညာရေး(၁) ဦး ဝန်ထမ်းမိသားစုရပ်တည်နိုင်မှု အသင့်အတင့်သာ အထောက် အကူ ဖြစ်ပါသည်။
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားအငှားလိုက်လုပ်ငန်းများ				
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်း	၁၀	၇၇		
	• **စွန့်ဦးလုပ်ငန်းရှင်ပေါင်း**	၁၀			
	• **ကျွမ်းကျင်လုပ်သားပေါင်း**				
	• **ကျပန်းလုပ်သားပေါင်း**				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူဦးရေများရှိသော်လည်း ရပ်တည်နိုင်မှုအားဖြင့် အသင့်အတင့်မျှသာရှိပါသည်။ ဒေသတွင်း ဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် ဒေသတွင်းအရင်းအမြစ်များ (သစ်၊ဝါးစသည်များ) ရှိသော်လည်း ဈေးကွက်ဝင် လုပ်ငန်းများလုပ်ဆောင်ရန် နည်းပညာလက်လှမ်းမမှီခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် အသက်မွေးဝမ်းကြောင်း နည်းပညာမရှိခြင်းတို့ကြောင့် ကျေးရွာသူ၊သားများသည် (၄)မိုင်ခန့် ဝေးသော တွင်းငယ်ရွာသို့ သွားရသဖြင့် အလုပ်ပျက်ခြင်း၊ ငွေကြေးပိုမိုကုန်ကျခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် တစ်နိုင်တစ်ပိုင်အသက် မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် အရင်းအနှီး ရရှိနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။

၂.၃.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျေးရွာတွင် ဒေသထွက် သစ်၊ ဝါးများ ပေါများခြင်း ၊ ဒေသတွင်းစျေးကွက်ရှိခြင်း၊ မိုးမိတ် အဝေးပြေးလမ်းမကြီးအနီးတွင် တည်ရှိသောကြောင့် စျေးကွက်ချိတ် ဆက်နိုင်ပါသည်။	စျေးကွက်ဝင် ဖျာများယက်လုပ်မရောင်းနိုင်ခြင်း၊ စျေးကွက်ဝင် နည်းပညာ များလက်လှမ်းမမှီခြင်း
ကျေးရွာမှ အမျိုးသားလူငယ်များသည် စက်ပစ္စည်း ပြုပြင်ခြင်းလုပ်ငန်း လုပ်ဆောင်ရန် စိတ်အား ထက် သန် ကြပါသည်။	ဆိုင်ကယ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ပျက်ပါက ပြုပြင်နိုင်သူ ကျေးရွာတွင် မရှိသောကြောင့် ရွာမှ (၄)မိုင်ခန့် ဝေးသော တွင်းငယ်သို့ သွားပြင်ရပါသည်။အလုပ်ချိန် ပျက်ပြီး၊ သယ်ယူစရိတ်ကုန်ကျမှု များပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ လူငယ် အမျိုးသမီး၊ အမျိုးသားလူငယ်များသည် လက်မှုလုပ်ငန်း နှင့် ပတ်သက်သည့် အသက်မွေးဝမ်းကြောင်းနည်းပညာများရရှိရန် စိတ်အားထက်သန်ကြပါသည်။ ထို့ကြောင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ (ဆံပင်ညှပ်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ လယ်ယာ သုံးကိရိယာစက်ပြင်ခြင်းနှင့် ဒေသထွက်ဝါးကို အခြေခံပြုလုပ်သော စျေးကွက်ဝင် လူသုံးကုန်ပစ္စည်းယက်လုပ်ခြင်း)သင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ၎င်းအပြင် စျေးကွက်အားဖြင့် မန္တလေးစျေးကွက်သို့ တိုက်ရိုက်ရောင်းချ ချိတ်ဆက်နိုင်ပါမည်။ နိုင်ငံတော်အနေဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်သည့်စနစ်မျိုး အားပေးလုပ်ဆောင်သင့်ပါသည်။ သို့မှသာ ဒေသတွင်းတပိုင်တနိုင် အသေးစားလုပ်ငန်းများထွက်ပေါ်လာပါမည်။

၂.၃.၄ ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်

ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်

စျေးကွက်လက်လှမ်းမှီမှု	အနီးဆုံးစျေး	အကြီးစားစျေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	တွင်းငယ်၊ ဇရပ်ကွင်း	မန္တလေး
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	တွင်းငယ် (၄) မိုင်၊ ဇရပ်ကွင်း (၂၆) မိုင် သပိတ်ကျင်း (၁၉) မိုင်	(၁၀၂) မိုင်
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်ပေးနိုင်မှု	စားသောက်ကုန်၊ လူသုံးကုန်	အိမ်ဆောက်ပစ္စည်း၊လယ်ယာသုံး ပစ္စည်း၊ သစ်သီး
စျေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်း	အလွန်ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသားများသည် စားသောက်ကုန်များ ဝယ်ယူရန်အတွက် တွင်းငယ်သို့ အသွားများကြပြီး၊ ဆိုင်ကယ်ဖြင့် အသွားများကြပါသည်။ အဝတ်အထည်နှင့် အလှူအတန်းများ အတွက် လိုအပ်ပါက ဧရပ်ကွင်းစျေးသို့ အသွားများပါသည်။ ထုတ်ကုန် ပေါများချိန်တွင် ကျေးရွာ အထိ လိုင်ကားများအဝင်အထွက် ရှိပါသည်။ ကျေးရွာထွက်ကုန်များကိုလည်း မန္တလေးသို့ သွား၍ ရောင်းချကြပါသည်။ ကျေးရွာသားများသည် များသောအားဖြင့် မန္တလေးသို့ အသွားများကြပြီး ရောင်းဝယ်မှုပြုကြပါသည်။ လမ်းခရီးဝေးသည်မှအပ ဆက်သွယ်ရေး ဝန်ဆောင်မှု ကောင်းပါသည်။

၂.၃.၅ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန်အခက်အခဲများ
စိုက်ဘဏ်	ချေးငွေ	၆လ	ပြား ၈၀	ရှိ	ပုံစံ၇ရှိမှချေး၍ရခြင်း။
သမဝါ ယမအသင်း	ချေးငွေ	၆လ	၁ကျပ်၁၅ပြား	မရှိ	ချေးငွေအကန့်အသတ်နှင့်သာရခြင်း။
သမဘဏ် (တရုတ်ချေးငွေ)	ချေးငွေ	၆လ	၁ကျပ် ၁၅ ပြား	ရှိ	ပုံစံ ၇ ရှိမှ ချေးခြင်း
အပေါင်ဆိုင်	ချေးငွေ	သတ်မှတ်ချက်အတိုင်း	၅ကျပ်	ရှိ	ပစ္စည်းအပေါင်ထားရခြင်း
ပုဂ္ဂလိကအစုအဖွဲ့	ချေးငွေ	သီးနှံပေါ်ချိန်	၂ကျပ်	မလို	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စသော အစိုးရဘဏ်များမှ ချေးငွေရရှိပါသည်။ သို့သော် လုံလောက်မှုမရှိ၍ အခြားချေးငွေရနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ရယူနိုင်ပါသည်။

၂.၃.၆ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

၂.၃.၆.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	အသင့်အတင့်	ဓာတုမြေသြဇာများ နှစ်စဉ် အသုံးပြုလာခြင်းသည် မြေဆီသြဇာ လျော့နည်းလာပြီး၊ မြေပျက်လာနိုင်ပါသည်။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	အနည်းငယ်	သီးနှံများပိုးမွှားရောဂါရောက်ပါက ဓာတုဆေးဝါးများကို သုံးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ မသုံးတတ်ခြင်းကြောင့် လူ၊ တိရစ္ဆာန်၊ ပတ်ဝန်းကျင် ထိခိုက်လာနိုင်ပါသည်။
ရေအရင်းအမြစ်	များ	ကျေးရွာ၏ အဓိကသောက်သုံးရေဖြစ်သည့် ရွှေဥဒေါင်းချောင်းအထက်ပိုင်းတွင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်မျက်ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးများ နှင့် လုပ်ငန်းသုံးစွန့်ပစ်ရေးများကို ချောင်းတွင်းသို့ စွန့်ပစ်ခြင်း၊ ချောင်းဖျားကို ပိတ်ဆို့ပြီး ကျောက်မျက်ရှာဖွေခြင်းတို့လုပ်ဆောင်သောကြောင့် လူနှင့် တိရစ္ဆာန်များ သောက်သုံးရေ အခက်အခဲကြုံတွေ့ရပါသည်။ ရေသန့်ရှင်းမှု မရှိသောကြောင့် ကျန်းမာရေး ထိခိုက်မှု ရှိလာပါသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	အသင့်အတင့်	ကျေးရွာအိမ်ထောင်စုများမှ ပလပ်စတစ်များကို ကျေးရွာအနီးသစ် တောနှင့် စိုက်ကွက်များ တွင်စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်၊ ပိုးသတ်ဆေးဘူးများကို စနစ်တကျ မစွန့်ခြင်းကြောင့် ပတ် ဝန်းကျင် မသန့်ရှင်းမှုနှင့် အပင်နှင့် မြေဆီမြေဩဇာ ထိခိုက်ခြင်းတို့ အသင့်အတင့် ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆ - ၂၇ ရက်၊ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းမရှိခြင်းကြောင့် ရေရှည်တွင်သစ်တောပြုန်းတီးလာပါမည်။ကျောက်မျက်ကုမ္ပဏီမှ ကျေးရွာ၏ချောင်းအထက်ဖျားတွင် ဓါတုဆေးများသုံးစွဲခြင်းသည် သောက်သုံးရေညစ်ညမ်းလာပြီး၊ လူနှင့်တိရစ္ဆာန်များ ရေရှည်တွင် ထိခိုက်လာပါမည်။

၂.၃.၆.၂ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	များ	နှစ်စဉ် ရွှေဥဒေါင်း ချောင်းရေလွှမ်းခြင်း၊ ချောင်းကမ်းပါး ရေတိုက်စားခြင်း ၊ စိုက်ခင်းများ သဲနုန်းတင်ပျက်စီးခြင်း၊ မူလတန်းကျောင်း၊ ဘုန်းတော် ကြီးကျောင်းတို့သည် ၎င်းချောင်းကမ်းပါးတွင် ရှိနေခြင်းကြောင့် မြေကမ်းပါးပြိုခြင်း၊ ရေတိုက်စားခြင်း အန္တရာယ်များ ကြုံတွေ့ရပါသည်။	ချောင်းဘေးစိုက်ခင်းများကို မိုးနည်းသည့် ကာလမှ စိုက်ပျိုးခြင်း ပြုလုပ်ခြင်း၊ မူလတန်းကျောင်းဆောင်ကို ဘေးကင်းရာ မြေပြန့် နေရာတွင် ရွှေ့ပြောင်းရန် ကျေးရွာလူထု၊ မြို့နယ်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းပြီး၊ ရွှေ့ပြောင်းဆောက်ရန်သာလိုပါတော့သည်။

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
မီးဘေး	နည်း	ကျေးရွာဝန်းကျင်တွင် သစ်တော၊ တောတောင်များ ရှိပြီး နှစ်စဉ် တောမီး လောင် ခြင်း ဖြစ်ပါသည်။	ကျေးရွာမှ နွေရာသီ ရောက်လျှင် မီးတားလမ်းများ ဖောက်လုပ်ပါသည်။ မီးသတိပေးခြင်း၊ ကျေး ရွာတွင်း မီကင်းစစ်ခြင်းများကို နွေရာသီတွင် မီးသတ်လူငယ်များ ဦးဆောင်လုပ်ကိုင် ကြပါသည်။
မုန်တိုင်း	နည်း	မိုးဦးကာလနှင့် မိုးနှောင်း ကာလများ တွင် မိုးသက် လေပြင်း တိုက်ခိုက်ပြီး စိုက်ပျိုးသီးပင်နှင့် သစ်ပင် များကျိုး ပျက်ခြင်း အနည်းငယ် သာ ဖြစ်ပါသည်။	ကြိုတင်ကာကွယ်ခြင်းမပြုလုပ်နိုင်ပါ။
ငလျင်	လတ်	၂၀၁၂ ခုနှစ်တွင် ဘုန်းတော်ကြီး ကျောင်း ဘုရားစေတီ ပြိုကျ ပျက်စီးခြင်း၊ ဘုန်း ကြီးကျောင်း နံရံ၊ အုတ်တံတိုင်း အက်ကွဲ ပျက်စီး ခြင်းတို့ ကြုံတွေ့ရ ပါသည်။	ကျေးရွာမှ ပျက်စီးခြင်းများကိုသာ ပြုပြင်နိုင်ပြီး၊ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရမည့် အသိပညာ မရှိခြင်းတို့ကြောင့်ကြိုတင် ကာကွယ်ခြင်းမလုပ်နိုင်ပါ။တရုတ် နည်းပညာဖြင့် ဆောက်လုပ်ထားသော ငလျင် ဒဏ်ခံ အဆောက်အဦ ၁ လုံးကို ကျေးရွာဘုန်းကြီးကျောင်းတွင် ဆောက်လုပ်ပေးထားပါသည်
မိုးခေါင်ခြင်း	လတ်	မိုးခေါင်ခြင်းနှစ်စဉ်ကြုံတွေ့ရပါသည်။	မိုးခေါင်ခံသည့် ပဲစဉ်းငုံလို သီးနှံများပိုမို စိုက်ပျိုးကြပါသည်။
ပဋိပက္ခ	နည်း	ကျေးရွာသူ၊ သားများနှင့် ကျောက်မျက် ကုမ္ပဏီ တို့ကြား ညှိနိုင်းမှု ကောင်းစွာ မလုပ်နိုင် ပါ က ဒေသတွင်း ပဋိပက္ခ ဖြစ်နိုင်ပါသည်။	ကျေးရွာအုပ်ချုပ်မှုပိုင်ဆိုင်ရာ ရပ်မိ ရပ်ဖများသည် မြို့နယ်သက်ဆိုင်ရာ ဌာနများသို့ ချိတ်ဆက်ခြင်း၊ ကျောက်မျက်ကုမ္ပဏီ နှင့် ဆွေးနွေး ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက် နေပါသည်။ ထူးခြားမှု မရှိသေးပါ။
တိရစ္ဆာန် ရောဂါ ဖြစ်ပွါးမှု	လတ်	ကျွဲ၊နွားများတွင် ပေါင်ပုတ်၊ လက်ပုတ် လည်ချောင်းကွဲ ရောဂါ နှင့် ဝက်များတွင် ဝက်နားရွက်ပြာ ရောဂါများ နှစ်စဉ် ဖြစ် ပွား တတ်ပါသည်။	ကာကွယ်ဆေးကို တွင်းငယ် မွေးမြူ ရေး သင်တန်းဆင်း လုပ်သားမှ ထိုးပေးပါသည်။ ကျေးရွာလူထုသည်ကာကွယ်ဆေး ထိုးရန် လက်လှမ်းမမှီခြင်း၊မြို့နယ်မှ မလာရောက်၍ ကျွဲနွားများ ကာကွယ်ဆေး မထိုးနိုင်ကြပါ။

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
လူရောဂါ ဖြစ်ပွါးမှု	လတ်	ငှက်ဖျား၊ ရာသီဖျား နှစ်စဉ် ဖြစ်ပါသည်။	PSI (ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု အဖွဲ့အစည်းသည် ကျေးရွာမှ ကျန်မာရေး အကျိုးဆောင်ရွေးပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှု သင်တန်းသားပေး၊ထိုသင်တန်းသားမှ ကျေးရွာလူထုကို ငှက်ဖျား၊ တီဘီ၊ မျိုးဆက်ပွား၊သားဆက် ခြား၊ ဝမ်းပျက်၊ဝမ်းလျော၊ ခုခံအားကျဆင်း မှုရောဂါအစရှိသည့် ကျန်းမာရေးအသိ ပညာများကို လက်ဆင့် ကမ်းဖြန့်ဝေ ပေးပါသည်။ ငှက်ဖျား၊ တီဘီရောဂါ လူနာတွေ့ပါ က သွေးစစ်ပေးခြင်း၊ ဆေးရုံဆေးခန်းနှင့်ချိတ်ဆက်ပေးခြင်း များ ဆောင်ရွက် ပေးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

၂.၄ ပညာရေး

၂.၄.၁ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဧယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက်၊ ကျောင်းနေ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၁	၂	၃	၁.၀%
ဘာသာရေးအခြေပြုပညာရေး	၂	၄	၆	၂.၁%
မူလတန်းမပြီးမီကျောင်းထွက်သူများ	–	–	–	
မူလတန်းပညာရေးပြီးဆုံးသူများ	၁၃၅	၁၁၁	၂၄၆	၈၅.၁%
အလယ်တန်းပညာရေးပြီး ဆုံးသူများ	၄	၂၁	၂၅	၈.၇%
အထက်တန်းပညာရေးပြီး ဆုံးသူများ	၁	၆	၇	၂.၄%
တက္ကသိုလ်ပညာပြီးဆုံးသူများ	၁	၁	၂	၀.၇%
၉ နှစ်အထက်လူဦးရေပေါင်း	၁၄၄	၁၄၅	၂၈၉	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသူသားများသည် အများအားဖြင့် အခြေခံအရေး၊ အဖတ်၊ အတွက်အချက် ပြုလုပ်နိုင်ကြပါသည်။ ကျေးရွာသားများသည် ယခင်က လမ်းပမ်းဆက်သွယ်ရေး ခက်ခဲပြီး မြို့နှင့် အလှမ်း ဝေးသည့် တောင်ပေါ်ရွာ ဖြစ်သဖြင့် အလယ်တန်း၊ အထက်တန်း ပညာရေး လက်လှမ်းမီမှု အားနည်းပါသည်။ ယခုအခါ အလယ်တန်း၊ အထက်တန်းပညာကို နီးစပ်ရာကျေးရွာများ (တွင်းငယ်ကျေးရွာ၊ ရေညှာဦးကျေးရွာ၊ ဒေါင်းပုန်း၊ ဇရပ်ကွင်း၊ ၇ မိုင်) တွင် သွားရောက် တက်ရောက်နိုင်ကြပြီး ပညာရေးလက်လှမ်းမီလာပြီ ဖြစ်ပါသည်။ ကျေးရွာရှိ မူလတန်းမပြီးမီ ကျောင်းထွက် သူများစာရင်းကို ကောက်ယူခဲ့ခြင်းမရှိပါ။

၂.၄.၂ ကျောင်းအပ်နှံနှုန်း

ဇယား (၂၈) ကျောင်းအပ်နှံနှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၃၄	၁၅	၄၉	၁၄၄.၁ %
အလယ်တန်း (၁၀- ၁၄နှစ်)	၁၀	၈	၁၈	၃၇.၅ %
အထက်တန်း (၁၅-၁၆နှစ်ကြား)	၉	၂	၁၁	
တက္ကသိုလ်ကျောင်းသား၊သူ	၁	၁	၂	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မူလတန်းပညာ ရာခိုင်နှုန်းအပြည့် တက်ရောက်နိုင်ကြပြီး၊ အလယ်တန်းကို ၃၇.၅% တက်ရောက်နိုင်ကြပါသည်။ မိဘများသည် ပညာရေးကို စိတ်ဝင်စားသော်လည်း ဒေါင်းပုန်းသို့ သွားသောလမ်းမှာ မိုးရာသီ သွားလာရခက်ခဲသဖြင့် ကလေးများ အလယ်တန်းပညာကို လက်လှမ်းမီမှု နည်းပါသည်။ ဒေါင်းပုန်းသွားသောလမ်းသည် မိုးရာသီတွင် ဆိုင်ကယ်၊ စက်ဘီးသွားလာ၍မရဘဲ ဗွက်ထနေပါသည်။ ထို့ကြောင့် ဆင်းရဲသောမိသားစုများသည် မိသားစုစားဝတ်နေရေးအတွက် အချိန်ပေး၍ ကလေးကျောင်းအကြို့အပို့အတွက် အချိန်မပေးနိုင်ခြင်း၊ မိဘလယ်ယာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ ကျွဲနွားကျောင်းခြင်းတွင် ဝင်ရောက်လုပ်ကိုင်စေကြပါသည်။ အထက်တန်း တက်ရောက်နေသူ ကျား(၉) ဦး မ(၂) ဦး ရှိပြီး တွင်းငယ်၊ ဇရပ်ကွင်း၊ မန္တလေးတို့တွင် တက်ရောက်နေကြပါသည်။ တက္ကသိုလ် တက်ရောက်နေသူ (၂) ဦးရှိပါသည်။

၂.၄.၁.၃ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	
စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ၊အမြင့်)	(၃၅x ၃၅x ၁၂) ပေ	

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်၊ပျဉ်ခင်း၊ပျဉ်ကာ					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	ရှိ					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁	၃	၄			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မူလတန်းအရွယ် ကလေးများအားလုံး အခြေခံမူလတန်းပညာကို လက်လှမ်းမီကြပြီး၊ အလယ်တန်း၊ အထက်တန်းပညာကို နီးစပ်ရာကျေးရွာများတွင် သွားရောက်တက်ရောက်ကြပါသည်။ အထက်တန်းကို တွင်းငယ်၊ ဇရပ်ကွင်း၊ မန္တလေးတို့တွင် တက်ရောက်ကြပါသည်။ ဆင်းရဲသော၊ လက်လုပ် လက်စားမိသားစုသားသမီးများအတွက် အလယ်တန်း၊ အထက်တန်းပညာရေးကို လက်လှမ်းမှီရန် ခက်ခဲပါသည်။ တွင်းငယ်သို့သွားသော ကျေးရွာချင်းဆက်လမ်းသာကောင်းမွန်ပါက လက်လှမ်းမီလာနိုင်ပါမည်။

၂.၄.၁.၄ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၄ဦး
တပည့် - ဆရာ အချိုး	၁၅: ၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	ကျောင်းနေရမည့် အရွယ် ကလေးအားလုံး ကျောင်းနေကြသဖြင့် မူလတန်းပညာအတွင်း ကျောင်းထွက်သွာသူများ မရှိပါ။ အလယ်တန်း၊ အထက်တန်းကျောင်းထွက်နှုန်း မြင့်မားပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ပညာရေးဌာနမှ ပံ့ပိုးပေးသည့်အတွက် မိဘများအနေဖြင့် ကျောင်းသုံး စာအုပ် စာရေးကိရိယာ အခက်အခဲ မရှိပါ။ (ယူနီဆက်သည် ပညာရေး ဌာနသို့တဆင့်ထောက်ပံ့သည်)
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	အလယ်တန်းနှင့် အထက်တန်း ပညာရေးအတွက် ဆင်းရဲသားအိမ်ထောင်စု (၃၇)အိမ်မှ ကျောင်းစရိတ် အခက်အခဲ ရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	မိဘဆရာအသင်းသည် ကျောင်းအုပ်ကြီး၏ လိုအပ် ချက်အရ ကျောင်း ဖွံ့ဖြိုးရေးအတွက် ခေါ်ယူသည့် အကြိမ်တိုင်း တက်ကြွစွာ ပါဝင် ဆောင်ရွက် ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မူလတန်းပညာအတွက် အခက်အခဲမရှိသော်လည်း အလယ်တန်း၊ အထက်တန်းပညာ တက်ရောက်ရန် ခက်ခဲမှုရှိပါသည်။

၂.၅ ကျန်းမာရေးနှင့်အာဟာရ

၂.၅.၁ အဖြစ်များသောရောဂါ

ဇယား (၃၁) အဖြစ်များသောရောဂါ

၁.ရာသီဖျား	၂.	၃.	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာသီဖျားသာ အဖြစ်များပါသည်။ အခြားကြီးကြီးမားမား ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိပါ။

၂.၅.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံ လောက်မှု ရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ဆေးပေးခန်း	၂ မိုင်	ရှိ	သားဖွားဆရာမ ၁ ဦး	လုံလောက်	ရေညှာဦး
ဆေးရုံ	၄ မိုင်	ရှိ	ဆရာဝန် ၁ဦး ၊သူနာပြု ၁ ဦး သားဖွား ၃ ဦး ကျန်းမာရေးလုပ်သား ၁ ဦး	လုံလောက်	တွင်းငယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အနီးအနားရှိကျေးရွာများမှ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ပါသည်။

၂.၅.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/အ ဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၃	အဆိုး	ရှိ	ရှိ	ရှိ	သုံးရေပဲရရှိ
မြစ်/ချောင်း	၁	ကောင်း	ရှိ	ရှိ	ရှိ	လက်ယက်တွင်း ပြုလုပ်၍ သောက် သုံးရေအသုံးပြုသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ သောက်သုံးရေသည် ကျေးရွာအနီး ချောင်းရေမှ လက်ယက်တွင်းတူး၍ တစ်နှစ်ပတ်လုံး လုံလောက်မှု ရှိပါသည်။ ချောင်းရေတွင် ကျောက်မျက်လုပ်ငန်းရှင်များသည် ဓာတု ဆေးများအသုံးပြုလာ၍ ချောင်းရေသန့်စင်မှုမရှိတော့ပါ။

၂.၅.၄ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၇၂	
တောထိုင်	၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသားများသည် ဝမ်းပျက်ဝမ်းလျှောရောဂါများအတွက် ကျန်းမာရေးဗဟုသုတ ရှိကြပြီး ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ အိမ်ထောင်စုတစ်စုသည် တောထဲမှာ နေထိုင်ပြီး တောထိုင်စနစ်ကို ကျင့်သုံးနေသည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရန် ဆွေးနွေးထားပြီး ဖြစ်ပါသည်။ ပြင်ပ psi ကျန်းမာရေး အဖွဲ့ အစည်းမှ ကျေးရွာတွင်းနေ အခြေခံကျန်းမာရေး လုပ်သားတစ်ဦးရှိပြီး ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ သားဆက်ခြားတို့နှင့် ပါတ်သက်သည့် အကြောင်းအရာများကို လစဉ် ကျန်းမာရေးဆွေးနွေးပွဲများ ပြုလုပ်ပေးပါသည်။

၂.၆ လမ်းတံတားတည်ရှိမှု

၂.၆.၁ ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား (၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၃)	ကောင်း/ဆိုး	တည် ဆောက်ခဲ့ သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး	
ရွာတွင်းလမ်း	၁	ဆိုး	၁၉၅၀	√		၁ဖာလုံ
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၀	√		၁ မိုင် ၁ ဖာလုံ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
တံတား ၂ စင်း	(၁၅ပေ၊၆ပေ၊၃ပေ)၊ (၁၅ပေ၊၆ပေ၊၆ပေ)	ကောင်း	၂၀၁၅၊ ၂၀၁၄		သုံးလို့ရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် သပိတ်ကျင်း၊ မိုးမိတ်၊ မန္တလေးမြို့များသို့ ဆက်သွယ်သွားလာမှု ကောင်းပါသည်။ သို့သော် ကျေးရွာတွင်းလမ်း၊ ကျေးရွာမှ ဒေါင်းပုန်းရွာသို့ သွားသော လမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကျေးရွာမှ အလယ်တန်းတက်ရောက်သူများသည် ဒေါင်းပုန်းကျေးရွာတွင် တက်ရောက်ကြပြီး မိုးရာသီ သွားလာရခက်ခဲသည့်အတွက် ကျေးရွာမှ အလယ်တန်းတက်ရောက်သူ နည်းပါသည်။ ကျေးရွာသားများသည် ဒေါင်းပုန်းလမ်းကို ကျောက်ခင်းလမ်း အဖြစ် ဖောက်လုပ်မည်ဆိုလျှင် သွားရေးလာရေး ပိုအဆင်ပြေလာပါမည်။

၂.၆.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				

၁ “ လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါ။

၂.၆.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက်လှေ	လှေ၊ သမ္ဘာန်	ဆိုင်ကယ်	မော်တော် ဆိုင် ကယ်	သုံးဘီးဆိုင်က ယ်၊ ထော်လာကျီ	ဘတ်စ် ကား	မြင်းလှည်း
အရေအတွက်	–	–	၅၂	–	–	–	–

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသားများသည် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်များကို အသုံးများ ကြပါသည်။ တွင်းငယ်၊ ၇ မိုင်၊ ဇရပ်ကွင်း၊ မန္တလေးသို့ အသွားများကြပြီး ဆိုင်ကယ်၊ ကားဖြင့် သွားလာကြပါသည်။ ကျေးရွာမှ မန္တလေးသို့သွားလျှင် တွင်းငယ်မှ ကားအကြိုအပို့ဖြင့် သွားလာနိုင်ပါသည်။

၂.၇ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
ဆိုလာစနစ်	၄၅	ကောင်း	ပုဂ္ဂလိကပိုင်များဖြစ်၍ ပြုပြင်ထိန်းသိမ်းရာတွင် အခက်အခဲမရှိပါ။ မိုးရွာသည့် အခါတွင်လျှပ်စစ်အားအဝင်နည်းပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ဆိုလာမီး၊ ဘက်ထရီမီး၊ ဖယောင်းတိုင်မီးကိုသာ မီးလင်းရေးအတွက် အသုံးပြုကြပါသည်။ ကျေးရွာသည် ပင်မခါတ်အားလိုင်းနှင့်ဝေး၍ လျှပ်စစ်မီးရရန်ခက်ခဲမှုရှိပြီး၊ ဆိုလာမီး ကို ကျေးရွာတစ်ရွာလုံးသုံးစွဲနိုင်ရန် လိုအပ်ပါမည်။

၂.၈ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၃၀	၃၁	၂၀			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ၈ မိုင်ခန့်ဝေးသော ကျောက်ဖျာလမ်းခွဲနှင့် ၄ မိုင်ခန့်ဝေးသော တွင်းငယ်တို့တွင် အော်ရီဒူးနှင့် တယ်လီနောတာဝါတိုင်ရှိခြင်းကြောင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

၂.၉ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	မရှိ	တောင်ပေါ်ရွာ ဖြစ်ခြင်း၊ရွာဆက်ဝေးခြင်း၊လမ်းပန်း ဆက်သွယ်ရေး ခက်ခြင်းတို့ကြောင့် ဗီဒီယို၊ လွှက်ရည်ဆိုင်များနှင့် အလှမ်းဝေးပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာသာရေးနာရေး အလှူပွဲများတွင် ကျွေးမွေးခြင်း၊ ဧည့်ခံခြင်း၊ မဏ္ဍပ်ဆောက်၊ ပစ္စည်းသယ်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်ကြပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ရှိ	တရားပွဲများ၊ ကျောင်းဝေယျာဝေစ္စများတွင် အလှူခံပေးခြင်း၊ ဝတ်ရွတ်ခြင်း၊ ပစ္စည်းသယ်ယူခြင်း၊သိမ်းဆည်းခြင်း
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	ရှိ	ခြင်းလုံးကစားခြင်း၊ ဘောလီဘောပုတ်ခြင်း၊ မြေလွတ်နေရာများတွင် ဘောလုံးကစားခြင်း
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	မရှိ	လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် ကိုယ့်ကိုယ်ကို ယုံကြည်မှု နည်းနေကြပါသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ဓမ္မစကူးလ် ဖွင့်လှစ်ရန် စီစဉ်ထားရှိခြင်း။ သင်တန်းရရှိပြီးခြင်း။
စာကြည့်တိုက်၊အင်တာနက် စသည်များအားလက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက် ဆောက်လုပ်ထားသော်လည်း စာအုပ်စာတမ်းများ မရှိခြင်း၊ ပရိဘောဂမရှိခြင်း၊ စာကြည့်တိုက်ကို ဆရာမများ ယာယီထားရှိခြင်း၊ စာကြည့်တိုက်မှူး မရှိခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရကြပါသည်။

၂.၁၀ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

၂.၁၀.၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	တွင်းငယ်တွင် အော်ရီဒူး တာဝါတိုင် ၊ကျောက်ဖျာလမ်းခွဲတွင် တယ်လီနောတာဝါတိုင်ရှိ၍ ဆက်သွယ်ရေး လက်လှမ်းမှီပါသည်။

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ လက်လှမ်းမမှီ
လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	ရှိ	နွေရာသီတွင် ရွာဘေးတွင် မီးတားလမ်းများပြုလုပ်၊ အရံမီး သတ်တပ်ဖွဲ့ရှိ၊ မီးချိတ်၊မီးကပ်၊ ရေအိတ်၊ သဲအိတ်များ ထားရှိ၊ အသံချဲ့စက်ဖြင့် မီးလှန်၊ မီးသိမ်းချိန် သတ်မှတ် ခြင်းစသောလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ရွာမှ (၄)ဖာလုံဝေးသော တွင်းငယ်တွင် ရဲစခန်းရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၈ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ (၈) မိုင်ခန့်ဝေးသော ကျောက်ဖျာလမ်းခွဲတွင် တယ်လီနော တာဝါတိုင်နှင့် (၄) မိုင်ခန့်ဝေးသော တွင်းငယ်တွင် အော်ရီဒူး တာဝါတိုင် ရှိသဖြင့် ကျေးရွာသားများ အနေဖြင့် ဆက်သွယ်ရေး ကွန်ယက်ကောင်းမွန်ပါသည်။ အရံမီးသတ်တပ်ဖွဲ့ထားရှိပြီး ကျေးရွာ မီးတားလမ်းကို နွေရာသီတွင် ဖောက်လုပ်ထားပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ နေ့စဉ် အသံချဲ့စက်ဖြင့် မီးလှန့်ပေးပြီး မနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း မီးငြိမ်းသတ်ရပါသည်။ ချက်ပြုတ်၍ မရပါ ။ ကျေးရွာနှင့် ၄ မိုင်ဝေးသည့်တွင်းငယ်တွင် ရဲစခန်းရှိပြီး ကျေးရွာသားများအတွက် လက်လှမ်းမီမှု ရှိပါသည်။

၂.၁၀.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၆-၂၇ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဗန္ဓေကျေးရွာတွင် ကြီးမားသည့် မှုခင်းဖြစ်ပွားမှု လုံးဝမရှိပါ။ ကျေးရွာတွင် အရက်ဆိုင်များ မရှိသည့်အပြင် ကျေးရွာသားများသည် ဘိုးစဉ်ဘောင်ဆက် နေလာသူများ ဖြစ်ပြီး အခြားမှ ကျပန်းများ လာရောက်နေထိုင်ခြင်း မရှိပါ။

၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အလားအလာများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာလူထုသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်မှုကောင်းခြင်း၊
၂။ စိုက်ပျိုးရေး (သီးနှံ) တိုးတက် ထုတ်လုပ်ရန် အခြေအနေကောင်းများ	ကျေးရွာတွင် စပါးစိုက်ပျိုးရန်အတွက်ရေညှာဦး ချောင်းတဖတ်ပိတ်ဝါးခတ်ဆည် ရှိနေခြင်း။ စိုက်ပျိုးမြေများ မြေဆီအသင့်အတင့်ကောင်းမွန်ခြင်း။ စိုက်ပျိုး မြေတိုးချဲ့ရန် ပလပ်မြေ၊ မြေလွတ်မြေရိုင်းများရှိခြင်း။ ကျွဲ၊ နွားချေး၊ သဘာဝ မြေဩဇာ ပြုလုပ်ရန် ပေါများခြင်း။ စိုက်ဘဏ်၊ တရုတ်ချေးငွေများမှ ချေးငွေ အသင့်အတင့်ရရှိခြင်း။ စိုက်ပျိုးရေးသွင်းအားစုဝယ်ယူရန် အလွယ်တကူ လက်လှမ်းမှီခြင်း။ ကျေးရွာတွင် မိုးကုတ်လမ်းပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း။
၃။ တနိုင်တပိုင်မွေးမြူရေး တိုးချဲ့မွေးမြူရန် အခြေအနေကောင်းများ	ကျေးရွာအနီး တွင်းငယ်ကျေးရွာ (၄မိုင်) တွင်အခြေခံမွေးမြူလုပ် သားရှိ၍ မွေးမြူရေးလုပ်ငန်းအတွက် အကူအညီရနိုင်ခြင်း။ ကျေးရွာသားများသည်ကျွဲနွားများ ကာကွယ်ဆေးထိုးရန် အသိရှိခြင်း။ ဒေသနှင့်ကိုက်ညီသောကျွဲ၊နွား ဝက်များ မွေးမြူကြခြင်း။ ဆိတ်ကိုမိသားစုတစ်ဦးမှစမ်းသပ်မွေးမြူခြင်း။ ချေးငွေအတွက် သမချေးငွေများ လက်လှမ်းမှီခြင်း။ ကျေးရွာအတွင်း ကျွဲနွားဝက်စာပေါ များခြင်း။ ကျေးရွာအနီး သစ်တောမြေရှိ၍ မွေးမြူရေးအတွက် စားကျက်ရှိခြင်း။ အိမ်ခြံဝန်းမြေနေရာကျယ်ခြင်း။ တွင်းငယ်ကျေးရွာတွင် အမဲဒိုင်၊ ဝက်ဒိုင်ရှိနေခြင်း။
၄။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းများအတွက် လုပ်သားပေါများခြင်း၊ ကျွမ်းကျင်လုပ်သားများရှိခြင်း	ကျေးရွာတွင် အလုပ်လုပ်နိုင်သော လုပ်သားအများအပြား ရှိခြင်း။ လက်မှုပညာ ဝါးဖျာယက်လုပ်ခြင်းလုပ်ငန်းကျွမ်းကျင်သူရှိခြင်း။ မန္တလေး၊ မိုးမိတ်တင်ပို့ရောင်း ချ နိုင်သော ဈေးကွက်ရှိခြင်း။ ကျေးရွာအနီး သစ်တောမှ သစ်၊ ဝါးကုန်ကြမ်းအလွယ် တကူရနိုင် ခြင်း။ လူငယ်များသည် စက်ပြုပြင်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားခြင်း။
၅။ ပညာရေး ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ	ကျေးရွာ၏ မူလတန်းအခြေခံပညာရေး ကောင်းမွန်ခြင်း။ မိဘများသည် ပညာရေးကိုအားပေးမှုကောင်းခြင်း။ ဒေါင်းပုန်းကျေးရွာ၊(၂မိုင်)တွင်းငယ် (၄မိုင်)တွင် အလယ်တန်း၊ အထက်တန်းကျောင်းများ ရှိခြင်း။ ကျေးရွာလူထု၊ ဆရာ/ဆရာမများသည် စာသင်ကျောင်းရွှေ့ပြောင်းရန် ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း။ ကျောင်းရွှေ့ပြောင်းရန် မြေနေရာရှိခြင်း။ မြေနေရာရှိခြင်း။
၆။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	စာကြည့်တိုက်ရှိ နေခြင်း။ဓမ္မစကူးလ်သင်တန်း ဖွင့်ရန် အစီအစဉ်ရှိခြင်း။ လူငယ်များသည် ပိုက်ကျော်ခြင်း၊ ဘောလုံးကစားခြင်းကို မြေလွတ်နေရာများတွင် ကစားလေ့ရှိခြင်း။

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၇။ သောက်သုံးရေ	ကျေးရွာဘုန်းကြီးကျောင်း တွင် သောက်ရေအတွက်စက်ရေတွင်းတူးနေခြင်း။ ကျေးရွာအတွင်း မိသားစု ၃ စုပိုင် သုံးရေအတွက် စက်ရေတွင်း ၃တွင်း ရှိနေခြင်း။
၈။ လမ်းတံတား	ကျေးလက်လမ်းတံတားများ ပြုပြင်ရန် ကျေးလက်နှင့်ချိတ်ဆက်နေခြင်း။ ပြုပြင်ရန် ကျေးလက်လမ်းသည် လမ်းအတိုင်းအတာတိုခြင်း။
၉။ ကျေး လက်ဌာနမှ ဆိုလာမီးပေးရန် စီစဉ်နေခြင်း	မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာပြားပေးရန် အစီအစဉ် ရှိခြင်း။
၁၀။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	၂၀၁၂ ခုနှစ် ငလျင်ဒဏ်ကြုံတွေ့ဖူး၍ ကျေးရွာသူ/သားများ ရေဒီယို နားထောင်သော အလေ့အထ ရှိလာခြင်း။

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများနှင့် စိန်ခေါ်မှုများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၏ အဟန့်အတား များ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၁။စီမံအုပ်ချုပ်မှုကဏ္ဍတွင် အဖွဲ့ အစည်းဆိုင်ရာသဘောတရား များ အားနည်းခြင်း	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ကိုသာ အား ကိုးခြင်း။ လုပ်ငန်းသဘောတရားအရဖွဲ့ စည်းထားရှိပြီး၊ တာဝန်ယူမှု အားနည်းခြင်းဆင်းရဲသား၊ လက်လုပ်လက်စားမိသာစုများပြီး၊ ကျေးရွာ ဆုံးဖြတ် ချက်ချရာတွင်နေရာ မပေးခြင်း၊ ပါဝင်ခွင့်နည်းပါး ခြင်း
၂။စိုက်ပျိုးထုတ်လုပ်မှုအတွက် အဟန့်အတားများ	ကျေးရွာရှိ တဖက်ပိတ်ဝါးခတ်ဆည်ကိုပြုပြင်ရန်နည်းပညာ၊ အရင်းအနှီး မလုံလောက်ခြင်း။ စိုက်ပျိုးမြေယာ ပုံစံ ၇ ရရန် ကြန့်ကြာခြင်း။ စိုက်ပျိုးမြေများ ဖော်ထုတ်စိုက်ပျိုးရန် နည်းပညာ၊ အရင်းအနှီး မတက်နိုင်ခြင်း။ စပါး၊ နှမ်း၊ ပဲစဉ်းငုံမှလွဲ၍ အခြားဝင်ငွေရ သီးနှံများပြောင်းလဲမစိုက်ပျိုးလိုခြင်း။ မိရိုးဖလာဓလေ့ကို မပယ်ဖျက်နိုင်ဘဲ ပြောင်းလဲမစိုက်ပျိုးလိုခြင်း
၃။ မွေးမြူရေးအသိ၊ ဗဟုသုတများ အားနည်းခြင်း	အေးသောရာသီ များ၍ ကျွဲနွားဝက်များတွက်ရောဂါအဖြစ်များခြင်း။ ထိကရင်း အကောင်ထိ၍ ဆိတ်များအဆိပ်မိ ပြီး၊ သေသည်ဟု ယူဆခြင်း၊ ယုံကြည် ခြင်း။
၄။ သဘာဝအရင်းအမြစ်များ ပေါ်တွင်သာ မှီခိုလွန်းခြင်း၊ နည်း ပညာ၊ အရင်းအနှီးစျေးကွက် လက်လှမ်းမမှီခြင်း	အရင်းအမြစ်များကို အသုံးချခြင်းထက် ဝင်ငွေလက်တွေ့ရသော ပေါ်ပင် အလုပ်များ ကိုသာ စိတ်ဝင်စားခြင်း။ (မျှစ်ချိုး၊ ကျောက်မျက်၊ဝါးခုတ်)။ (သစ်၊ဝါး) ကုန်ကြမ်း အတိုင်းသားရောင်းချခြင်းကို စိတ်အားသန်ခြင်း။ နည်းပညာအရင်းအနှီး၊ စျေး ကွက် လက်လှမ်း မမှီခြင်း။
၅။ ပညာရေးအားပေးရန် ဆင်း ရဲမွဲတေခြင်း	မိသားစုများ ဆင်းရဲခြင်း။ သားသမီး ပညာရေးကို ဦးစားမပေးနိုင်ခြင်း။ တွင်းငယ်၊ ဒေါင်းပုန်း ကျောင်းများသို့ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း။ ကျောင်းနေရာရွှေ့ရန် နည်းပညာ၊ ငွေကြေး မတတ်နိုင်ခြင်း။ ဦးဆောင်ဦးရွက် ပြုမည့်သူမရှိခြင်း။
၆။ လူငယ်များ စာပေဗဟုသုတ လေ့လာရန် စိတ်မဝင်စားခြင်း	စာဖတ်သောအလေ့အထ နည်းပါးခြင်း။စာဖတ်ရန် အချိန်မပေးနိုင်ခြင်း။ စားဝတ် နေရေးအတွက် ရုံးကန်နေရခြင်း။ ဘောလုံးကွင်းတည်ဆောက်ရန် မြေပြန့်လွင်ပြင် နည်းပါးခြင်း။

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၇။ သောက်သုံးရေရရှည်တွင် ခက်ခဲလာခြင်း	ကျေးရွာလူထုသည် သောက်သုံးရေအတွက် ချောင်းရေကိုသာ အဓိကသုံးစွဲနေခြင်း။ တရုတ်ကျောက်မျက်လုပ်ငန်းသည် လိုင်စင်ရတရား၀င်လုပ်ငန်းဖြစ်၍ ကျေးရွာ လူထုသည် လုပ်ငန်းကို ရပ်ဆိုင်းရန် အင်အားမရှိခြင်း။
၈။ လမ်းပြုပြင်ရန် ငွေကြေး၊ နည်းပညာမတက်နိုင်ခြင်း	ငွေကြေး၊ နည်းပညာ မတတ်နိုင်ခြင်း။ဦးဆောင်ဦးရွက်ပြုမည့် သူများမရှိခြင်း။
၉။ လျှပ်စစ်မီးသွယ်တန်းရန် ဆင်းရဲမွဲတေခြင်း	ဆင်းရဲသားအိမ်ထောင်စုများ ငွေကြေးမတက်နိုင်ခြင်း။ ကျေးရွာသည် လျှပ်စစ်မီးအတွက် မီးသွယ်တန်းရန် လျှပ်စစ်လမ်းကြောင်း နှင့် ဝေးလွန်းခြင်း။ မတည်ရံပုံငွေမတတ်နိုင်ခြင်း။ ကျေးရွာအိမ်ခြေနည်းပါးခြင်း။
၁၀။ သဘာဝပတ်၀န်းကျင် ထိမ်းသိမ်းရေးမူ၀ါ ဒကောင်းများ မရှိခြင်း၊ မသိခြင်း	သဘာ၀ဘေးအန္တရာယ် လျော့ရေး၊ ကြိုတင်ကာကွယ်ရေး မူ၀ါ ဒများ အောက်ခြေသို့ ရောက်ရန် ချိတ်ဆက်မှုနည်းပါးခြင်း။ နိုင်ငံတော်အဆင့် DRR အစီအစဉ် ကောင်းမရှိခြင်း။

ဇယား (၄၅) ဗန္ဓဲ့ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
၁။ စီမံအုပ်ချုပ်မှု					
• ကျေးရွာအတွင်းအဖွဲ့ အစည်းများအချင်းချင်း ရိုတ်ဆက်မှုအားနည်း ခြင်း။	• သတ်မှတ်သောတာဝန်၊ ဝတ္တရားများကို အဖွဲ့ဝင်များမသိရှိခြင်း၊ မရှိခြင်း။ • အဖွဲ့အစည်းအချင်းချင်း ဆွေးနွေးညှိနှိုင်းမှုမရှိခြင်း။ • အဖွဲ့၏တာဝန် ဝတ္တရားများအဖွဲ့ဝင်များမသိခြင်း၊ မရှိခြင်း • ကျေးရွာအုပ်ချုပ်ရေးမှူးကသာ အဓိကဆုံးဖြတ်ကြခြင်း	• ပူးပေါင်းပါဝင်မှု ကောင်းသောလူထု ရှိခြင်း။	• အုပ်ချုပ်ရေးမှူးကို သာအားကိုးခြင်း။ • လုပ်ငန်းသဘောတရားအရဖွဲ့စည်းထားရှိပြီး၊ တာဝန်ယူမှုအားနည်းခြင်း • ဆင်းရဲသား၊ လက်လုပ်လက်စားများပြီး၊ ကျေးရွာဆုံးဖြတ်ချက်ချရာတွင် နေရာမပေးခြင်း၊ ပါဝင်ခွင့်နည်းပါးခြင်း	• ကျေးရွာတွင်းအဖွဲ့အစည်း များလုပ်ငန်း စွမ်းဆောင်မှုမြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုးတက်လာရန်	• ကျေးရွာဖွံ့ ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း • ကျေးရွာလူထုပူးပေါင်းပါဝင်သောဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်စေခြင်း • စီမံခန့်ခွဲမှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားများရရှိ လာစေရန်ဖန်တီးပေးရန်
၂။ စိုက်ပျိုးရေး (သီးနှံ)					
• သီးနှံအထွက်နှုန်းကျ/ လျော့နည်းလာခြင်း။ (စပါး၊နှမ်း၊ ပဲဇဉ်းငုံ)	• ယာသီးနှံများ(နှမ်း၊ ပဲဇဉ်းငုံ) စိုက်ပျိုးထုတ်လုပ်ရန် မိုးကောင်း သောက်ဖြစ်ခြင်း။ မိုးခေါင်ခြင်း။ • မိုးခေါင်သည့်နှစ်များတွင်စပါးစိုက်လယ်မြေအတွက် တဖက်ပိတ်ဆည်တွင်ရေမလုံလောက်ခြင်း။	• စပါးစိုက်ပျိုးရန်အတွက် ရေညှာဦး ချောင်းတဖက်ပိတ်ဝါးခတ်ဆည်ရှိနေခြင်း • စိုက်ပျိုးမြေများ မြေဆီ အသင့်အတင့်ကောင်းမွန်ခြင်း။ • စိုက်ပျိုးတိုးချဲ့ရန် ပလပ်မြေ၊ မြေလွတ်မြေရိုင်းများ ရှိခြင်း။	• တဖက်ပိတ်ဝါးခတ်ဆည်ကိုပြု ပြင်ရန်နည်းပညာ အရင်းအနှီးမလုံလောက် ခြင်း။ • ပုံစံ ၇ ရရန် ကြန့်ကြာခြင်း • စိုက်ပျိုးမြေများ ဖော်ထုတ် စိုက်ပျိုးရန် နည်း	• စိုက်ပျိုးရေလုံလောက် မှုရှိရန် ဆောင်ရွက်ရန် (ဆည် မြောင်း၊ ကျေးလက်ဌာနနှင့် ချိတ် ဆက်ခြင်း) • စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ထုတ်လုပ်	• ရေညှာဦးချောင်းတဖတ်ပိတ် ဝါးခတ်ဆည်ကို ကွန်ကရစ်ရေကျော်တံတားပြုလုပ်ခြင်း(ဆည်မြောင်း၊ ကျေးလက်ဌာနများသို့ စာတင်၊ လုပ်ဆောင်ရန်။)

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
• စိုက်ပျိုးရေးရင်းနှီးမတည်ငွေ မလုံလောက်ခြင်း။	• မိုးများသည့်နှစ်များတွင်တောင်ကျရေများ၍ ဝါးခတ်ပိတ်ဆည်ကျိုးပြတ်၍အကြိမ်ကြိမ်ပြင်ဆင်ရခြင်း • ပိုးမွှားရောဂါကျရောက်ခြင်း • မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမှီခြင်း။ • လုပ်သားရှားပါးခြင်း။ • လိုအပ်သော သွင်းအားစုများ အလုံအလောက် မထည့်နိုင်ခြင်း၊ အချိန်မှီ မထည့် နိုင်ခြင်း။ • ပုံစံ၇မရသောလယ်ယာမြေများ အတွက်ချေးငွေလက် လှမ်းမမှီခြင်း	• ကျွဲ၊နွားချေး၊ သဘာဝ မြေဩဇာ ပြုလုပ်ရန် ပေါများခြင်း။ • စိုက်ဘဏ်၊ တရုတ်ချေးငွေများဖြင့်ချိတ်ဆက်နေခြင်း။ • သွင်းအားစုဝယ်ယူရန် လက်လှမ်း မှီခြင်း။ • ပုံစံ ၇ ပြုလုပ်ရန် ဦးစားပေး သတ်မှတ်ခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်းခြင်း (မိုးမိတ်လမ်းပေါ်တွင် ရှိခြင်း)	ပညာ၊ အရင်းအနှီးမရှိခြင်း။ • စပါး၊ နှမ်း၊ ပဲစဉ်းငုံမှလွဲ၍ အခြားဝင်ငွေရသီးနှံ များပြောင်းလဲမစိုက်ပျိုးလိုခြင်း။ • မိရိုးဖလာဓလေ့ကို မပယ်ဖျက်နိုင်ဘဲ ပြောင်းလဲ မစိုက်ပျိုးလိုခြင်း	ရန်(စိုက်ပျိုးရေးဌာန၊ အခြားစိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများချိတ်ဆက်ရန်) • မြေယာမှတ်ပုံတင် ပုံစံ ၇ ရရှိရန် နှင့် စိုက်ပျိုးမြေ တိုးချဲ့စိုက်ပျိုးနိုင်ရန် (မြေစာရင်း) • စိုက်ပျိုးစရိတ်များ လုံလောက်စွာ ရရှိရန်	• ရေပြွန်၊ ရေမြောင်းများ ပြုပြင်ရန်။ • စိုက်ပျိုးရေးနည်းပညာများချိတ်ဆက်လုပ်ဆောင်ရန် • ပုံစံ ၇များရရန် မြေစာရင်းဌာန၊ စာတင်ပြတောင်းဆိုရန်။ • စိုက်ပျိုးမြေများတိုးချဲ့စိုက်ပျိုးနိုင်ရန် အရင်းအနှီး၊နည်းပညာများ ရှာဖွေချိတ်ဆက်ခြင်း • နှစ်ရှည်ပင်သီးနှံ (သရက်၊သနပ်ခါး၊ ငှက်ပျော)စသည်များ စမ်းသပ်စိုက်ပျိုးရန်။ • စိုက်ပျိုးစရိတ်များ လုံလောက်စွာရရန် လုပ်ဆောင်ခြင်း (သမ၊ မြစိမ်းရောင်) • အာမခံချက်ရှိသော ဈေးနှုန်း၊ ဈေးကွက်လက်လှမ်းမှီအောင် လုပ်ဆောင်ရန်။

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
၃။ မွေးမြူရေး					
• ကျွဲ၊ နွား၊ ဝက်၊ ကြက် တိရစ္ဆာန်များ ရောဂါကျ ရောက်ခြင်း၊ ကာကွယ် ကုသရန် လက်လှမ်း မမှီခြင်း။	• ကျွဲ၊နွား၊ များတွင် လည် ချောင်းကွဲ၊ ပေါင်ပုတ်၊ လက်ပုတ်၊ လေးဘက်နာ၊ ခွာနာ၊ လျှာနာ ရောဂါ နှစ်စဉ်ဖြစ်ခြင်း။ • ဝက်နွားရွက်ပြာ ရောဂါဖြစ်ခြင်း။ • ကြက်များတွင် ကြက် တန်း ကျနာ ဖြစ်ခြင်း။ • မြို့နယ်မှ ကာကွယ်ဆေး လာရောက်မထိုးခြင်း။ လက်လှမ်းမမှီခြင်း	• တွင်းငယ်ကျေးရွာ(၄မိုင်) တွင်အခြေခံမွေးမြူလုပ် သားရှိခြင်း။ • ကျေးရွာသားများသည်ကျွဲ နွားများ ကာကွယ်ဆေး ထိုးရန် အသိရှိခြင်း။ • ဒေသနှင့်ကိုက်ညီသော ကျွဲ၊ နွား၊ ဝက်များမွေးမြူ ကြခြင်း။ • ဆိတ်ကိုမိသားစု တစ်ဦးမှ စမ်းသပ်မွေးမြူနေခြင်း။	• အေးသောရာသီ ဖြစ်၍ ကျွဲနွားဝက်များတွက် ရောဂါအဖြစ်များခြင်း။ • ထိကရင်း အကောင် ထိ၍ ဆိတ်များအဆိပ်မိ ပြီး၊ သေသည်ဟု ယူဆခြင်း။ ယုံကြည် ခြင်း။	• ကျွဲနွားဝက်ကြက် များကာကွယ်ဆေး လက်လှမ်းမှီရန် လုပ် ဆောင်ခြင်း တနိုင်တပိုင် ဝင်ငွေရလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင်ရန်	• ကျွဲနွားဝက်ကြက် ကာကွယ်ဆေး ပုံမှန်ထိုးနိုင်ရန် (တိကုဋ္ဌာန နှင့် ချိတ်ဆက် ရန်။) • တနိုင်တပိုင်မွေးမြူ ရေးလုပ်ငန်းများတိုး တက်လုပ်ကိုင်ရန် • အခြေခံမွေးမြူရေး သင်တန်းသားများ မွေးထုတ်ရန် • မွေးမြူရေးနည်းပ ညာ၊ ကာကွယ်ကု သရေးနည်းပညာ များချိတ်ဆက်ရ ယူရန် • ဝက်များကို ခြံခတ် စနစ်ဖြင့်မွေးမြူရန် • တနိုင်တပိုင်ဆိတ် မွေးမြူခြင်းကို လုပ်ဆောင်ရန် • ချေးငွေရနိုင်သော နေရာများနှင့် ချိတ်ဆက် ရန်။
• တနိုင်တပိုင်မွေးမြူရန် ရင်းနှီးငွေမရှိခြင်း၊ မလုံ လောက်ခြင်း။	• ချေးငွေရနိုင်သော နေရာ များရှိသော်လည်း မလုံ လောက်ခြင်း။ • ကျွဲနွားများရောင်း ချရန် ဈေးကွက် လက်လှမ်း မမှီခြင်း။ တရုတ်မှောင်ခို ဈေးကွက်ကိုမှီခိုရ ခြင်း။	• သမချေးငွေများ လက်လှမ်းမှီခြင်း။ • ကျွဲနွားဝက်စာပေါများ ခြင်း • စားကျက်ရှိခြင်း။ • အိမ်ခြံဝန်းမြေနေရာကျယ် ခြင်း။ • တွင်းငယ် အမဲဒိုင်၊ ဝက်ဒိုင် ရှိနေခြင်း။ • လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း			

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
					(သမ၊ ကျေးလက်) • ဈေးကွက်လက်လှမ်းမီရန် ဒေသတွင်း နွားပွဲဈေးများ ဖန်တီးရန် (နိုင်ငံတော်အဆင့်)
၄။ စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ • ကျေးရွာတွင်းအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် နည်းပညာ၊ အရင်းအနှီး လက်လှမ်းမမှီခြင်း။	• ကျေးရွာအတွင်း လက်လုပ် လက်စားများသည် ပေါ်ပင်ဝင်ငွေရ လုပ်ငန်းများကို သာလုပ်ကိုင်နေခြင်း။ (မျှစ်ချိုး၊ လမ်းဖောက်ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမားနောက်လိုက်၊ ကျောက်မျက်လုပ်ငန်း) • အခြားလုပ်ငန်းများ လုပ်ကိုင်ရန် နည်းပညာ၊ အရင်းအနှီးမရှိခြင်း၊ စွန့်ဦးတီထွင်သူမရှိခြင်း	• အလုပ်လုပ်နိုင်သောလုပ်သားအများအပြားရှိခြင်း။ • လက်မှုပညာဝါးဖျာယက်လုပ်ခြင်းလုပ်ငန်း ကျွမ်းကျင်သူ ရှိခြင်း။ • မန္တလေး၊ မိုးမိတ်မြို့တွင် ဈေးကွက်ရှိခြင်း။ • သစ်၊ ဝါးကုန်ကြမ်း ပေါများခြင်း။ • လူငယ်များ စက်ပြုပြင်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားခြင်း။ • လယ်ယာသုံးကိရိယာ၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသည် ဒေသလိုအပ်ချက် ဖြစ်နေခြင်း။	• သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းကို မှီခိုလွန်းခြင်း (မျှစ်ချိုး၊ ကျောက်မျက်၊ ဝါးခုတ်) • နည်းပညာအရင်းအနှီး၊ ဈေးကွက်လက်လှမ်းမမှီခြင်း။	• အသေးစားအသက်မွေးဝမ်းကျောင်း ဝင်ငွေရလုပ်ငန်းများ တိုးတက်လုပ်ဆောင်ရန် (ကျေးလက်၊အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ရန်)	• အတိုးသက်သာသောချေးငွေလုံလောက်စွာ ရရှိနိုင်လုပ်ဆောင်ခြင်း (ကျေးလက်၊သမ၊ အသေးစားချေးငွေ အဖွဲ့များ) • အိမ်ဆိုင်၊ခေါင်းရွက်ဗျက်ထိုးစသော ကျေးရွာနှင့်ကိုက်ညီသော လုပ်ငန်းများဖန်တီးရန် • ဒေသတွင်းဝါးကို အခြေခံသောဖျာယက်လုပ်ငန်းကိုမြှင့်တင်လုပ်ဆောင်ရန် • သစ်၊ဝါးအခြေခံလက်မှု ပညာသင်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
		• ဈေးကွက်ချိတ် ဆက်ရန် (မန္တလေး၊ မိုးမိတ်၊ တွင်းငယ်၊ ဆက်သွယ်ရေး လမ်း ပန်းဆက် သွယ်ရေး ကောင်း မွန်ခြင်း။			တန်းများရရှိရန် လုပ်ဆောင် ခြင်း။ (ဖျာ၊တောင်း၊လက်မှုလုပ်ငန်း၊လက်သမား၊ ပန်းရံအတတ်ပညာ) • ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန်။ (ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များကို မူဝါ ဒဆိုင်ရာ တွန်းအားပေးခြင်း)
၅။ ပညာရေး • ကျောင်းသား/သူများ အတွက် ပြည့်စုံသော ပညာရေးပတ်ဝန်းကျင် ကောင်းမရှိခြင်း	• ၄မိုင်ခန့်ဝေးသော တွင်းငယ်ကျေးရွာ၊ ၂မိုင် ခန့်ဝေးသောဒေါင်းပုန်း ကျေးရွာများသို့ အလယ်တန်း၊အထက်တန်း ပညာသွားရောက်သင် ကြားရခြင်း။ • လမ်းပန်းဆက်သွယ် ရေးမကောင်းခြင်း။ • ဆင်းရဲသောမိသားစု များ စားဝတ်နေရေး	• မိဘများသည် ပညာရေး ကိုအားပေးမှုကောင်းခြင်း။ • ဒေါင်းပုန်းကျေးရွာ၊(၂မိုင်) တွင်းငယ် (၄မိုင်) တွင် အလယ်တန်း၊အထက်တန်း ကျောင်းများလက်လှမ်း မှီခြင်း	• မိသားစုများ စီးပွားရေး အဆင်မပြေခြင်း။ ဆင်းရဲခြင်း • တွင်းငယ်၊ ဒေါင်းပုန်း ကျောင်းများသို့ သွားရန် လမ်းပန်းဆက်သွယ် ရေး မကောင်းခြင်း။	• ကျောင်းသား/ သူများ အတွက် ပညာရေး ပတ်ဝန်း ကျင်ကောင်းများ ရရှိရန် ချိတ်ဆက် လုပ်ဆောင်ရန်	• ကျောင်းကြိုပို့ ကားများ စီစဉ်လုပ် ဆောင်ရန်။ ဒေါင်းပုန်း၊ဗန္ဓုကျေး ရွာချင်းဆက်လမ်း ပြုပြင်ရန်(ကျေးလက်၊ စည်ပင်၊ လွှတ်တော်ကိုယ် စားလှယ်ချိတ် ဆက်ရန်)

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
• ကျေးရွာမူလတန်းကျောင်းသည်ရေညှာဦးချောင်း ဘေးတွင်ရှိ၍ ကမ်းပါးပြိုမည့် အန္တရာယ်ရှိနေခြင်း။	အတွက် လုပ်ကိုင်ရ၍ သားသမီး ပညာရေးအတွက် အချိန် မပေးနိုင်ခြင်း။ • ယခုနှစ်ချောင်းရေကြီးချိန် တွင် ကမ်းပါးပြိုခြင်း ကြောင့်ကျောင်းဧရိယာ အများ အပြား ဆုံးရှုံးခြင်း။ • မူလတန်းကျောင်းသည် ချောင်းကမ်းပါးတွင် တည်ရှိနေခြင်း • ကျောင်းဆရာ/မများအတွက် နေထိုင်စရာနေအိမ် မရှိခြင်း။	• ကျောင်းရွှေပြောင်းရန် မြေနေရာရှိခြင်း။ • သစ်ပေါများခြင်း။ • မြေနေရာရှိခြင်း။ • ကျေးရွာတွင် လက်သမားများရှိခြင်း	• ကျောင်းနေရာရွှေ့ရန် နည်းပညာ၊ ငွေကြေးမတက်နိုင်ခြင်း။ • ဦးဆောင်ဦးရွက်ပြုမည့်သူမရှိခြင်း။	• မူလတန်းကျောင်းပြောင်းရွှေ့တည်ဆောက်လုပ်ရန် (ပညာရေး၊ လွတ်တော်၊ ကျေးလက်ဌာနများ နှင့် ချိတ်ဆက်ရန်)	• ကျောင်းဆောင်သစ်ပြောင်းရွှေ့ဆောက်လုပ်ရန်။ • ဆရာမနေအိမ်ဆောက်လုပ်ရန်။ ကျေးရွာရံပုံငွေကောက်ခံခြင်းများလုပ် ဆောင်ရန်။
၅။ ကျန်းမာရေး၊ သောက်သုံးရေ • သောက်ရေ၊ သုံးရေသည် ကျေးရွာလူထုအတွက် ကျန်းမာရေးအတွက် မသင့်တော်ခြင်း။ မသန့်ရှင်းခြင်း။	• ကျောက်မျက်တူးဖော်ရေးလုပ်ငန်းမှဓါတုဆေးများအသုံးပြုခြင်းကြောင့် ချောင်းရေ မသန့်တော့ခြင်း၊ အသားရေ ယားယံစေခြင်း။ • သဘာဝစမ်းရေပေါက်များကိုပိတ်ဆို့ စေခြင်း။ • ရေရှည်တွင် ချောင်းကောနိုင်ခြင်း။	• ကျေးရွာဘုန်းကြီးကျောင်းတွင် သောက်ရေအတွက် စက်ရေတွင်းတူးနေခြင်း။ • ကျေးရွာအတွင်း ပုဂ္ဂလိကပိုင် စက်ရေတွင်း ၃တွင်း ရှိနေခြင်း။	• ချောင်းရေသည် ကျေးရွာအတွက် အဓိကရေ အရင်းအမြစ်ဖြစ်ခြင်း • တရုတ်လုပ်ငန်းသည် လိုင်စင်ရ တရားဝင် လုပ်ငန်းဖြစ်နေ၍ လုပ်ငန်းကို ရပ်ဆိုင်းရန် အင်အားမရှိခြင်း။	• ကျေးရွာလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်	• ချောင်းရေရေရှည် အသုံးပြုနိုင်ရန် လုပ်ငန်းလုပ်ကိုင်နေသော၊နိုင်ငံတော် (သတ္တုတွင်း၊တရုတ်လုပ်ငန်းရှင်) များနှင့် ညှိနှိုင်းဆောင်ရွက်ရန် • လွတ်တော်ကိုယ်စားလှယ်၊သတ္တု

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
					တွင်းဌာန၊ကျန်းမာရေးဌာနများသို့ ကျေးရွာသောသုံးရေအခြေအနေ ဆွေးနွေးရန် • စက်ရေတွင်းများ စမ်းသပ်တူးဖော်ရန် • ဘုန်းကြီးကျောင်း စက်ရေတွင်း အပြီးသတ် တူးဖော်ရန်၊ ရေလှောင်ကန်ပြုလုပ်ရန်။
၆။ **လူငယ်နှင့် ယဉ်ကျေးမှု** • လူငယ်လူရွယ်များ စာပေ ဗဟုသုတလက်လှမ်း မမှီခြင်း။	• သတင်းစာ၊စာအုပ်စာပေများနှင့်လက်လှမ်းမမှီခြင်း။ • စာကြည့်တိုက်ရှိသော်လည်းမလည်ပတ်နိုင်ခြင်း။ • ဦးဆောင်ဦးရွက်ပြုမည့်သူမရှိခြင်း။ • စာကြည့်တိုက်ကို ကျောင်း ဆရာမများ ယာယီနေထိုင်နေခြင်း။	• စာကြည့်တိုက်ရှိနေခြင်း • ဓမ္မစကူးလ်သင်တန်းဖွင့်ရန်အစီအစဉ်ရှိခြင်း။	• စာဖတ်သောအလေ့အထ နည်းပါးခြင်း။ • စာဖတ်ရန်အချိန်မပေးနိုင်ခြင်း။ • စားပတ်နေရေးအတွက် ရုံးကန်နေရခြင်း။	• လူငယ်များစာပေဗဟုသုတ်လက်လှမ်းမီရန် စာဖတ်အလေ့အကျင့် ဖြစ်လာ စေရန် ဖန်တီးပေးခြင်း။	• စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း။ • စာအုပ်စာပေများလက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း။ • စာပေဟောပြောပွဲဆွေးနွေးပွဲများဖန်တီးပေးခြင်း။
• အားကစားကွင်း၊ အားကစားပစ္စည်းများ လက်လှမ်းမမှီခြင်း။	• အားကစားကွင်းမရှိခြင်း။ • ပွင့်လင်းရာသီတွင်သာ ချောင်းဘေးတွင် သွား	• ပိုက်ကျော်ခြင်း၊ ဘောလီဘောကိုကွင်းနေရာအလွတ်များတွင် အားလပ်ချိန်	• မြေပြန့်လွင်ပြင် နည်းပါးခြင်း။	• လူငယ်များအားကစားများ ပြုလုပ်နိုင်ရန် ဖန်တီးပေးခြင်း။	• လူငယ်စွမ်းရည်မြင့်တင်ရေး လုပ်ငန်းများမိတ်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
	ရောက်ကစားရခြင်း။	များတွင် လူငယ်များ ကစားလေ့ရှိခြင်း။			ဆက်ပေး ခြင်း။ • စာဖတ်ရန်အလေ့ အထထွန်းကားရန် အသိနိုးဆော်ခြင်း။ • လူငယ်များအား ကစားလူပ်ရှားမှု များလက်လှမ်းမှီ ရန်ဖန်တီးပေးရန်။ (အားကာ)
၇။ ဆက်သွယ်ရေး • ကျေးရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်း မိုးရာသီသွားလာရ ခက်ခဲခြင်း။	• မိုးရာသီတွင် ကျေးရွာတွင်း လမ်းဗွက်ထခြင်း။ • ရေနုတ်မြောင်းများမရှိခြင်း • ရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်၍ သွား လာရခက်ခဲခြင်း • မိုးများချိန် လမ်းပျက်စီး ခြင်း	• လမ်းပြုပြင်ရန် လမ်း အတိုင်းအတာတိုခြင်း။ • နည်းပညာ၊ ငွေကြေး ထောက်ပံ့မှုများ ရယူရန် ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ခြင်း	• လမ်းပြုပြင်ရန်ငွေကြေး၊ နည်းပညာ မတက်နိုင် ခြင်း။ • ဦးဆောင်ဦးရွက်ပြု မည့်သူများမရှိခြင်း။	လမ်းပန်းဆက်သွယ် ရေးကောင်းမွန်၍ သွားရေးလာရေး အဆင်ပြေ ရန်	• ကျေးရွာတွင်းလမ်း ပြုပြင်ခြင်း(နည်းပ ညာ၊ အရင်းအနှီးရ ရန်ကျေးလက်ဌာန သို့ချိတ်ဆက်ရန်) • ကျေးရွာအတွင်း လမ်းဖောက်လုပ် ရန်ရေနုတ်မြောင်း တူးဖော်ရန်ကျေးရွာ လူထုကိုစည်းရုံး လှုံ့ဆော်ရန်။ • ကျေးရွာနှင့်ဆေင်ပုန်း သွားလမ်းပြုပြင်ရန် • ရံပုံငွေကောက်ခံ၍ အကောင်အထည် ဖော်ဆောင်ရွက်ရန်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
၈။ လျှပ်စစ်မီး: • အိမ်ထောင်စုများ လျှပ်စစ်မီး မသုံးစွဲနိုင်ခြင်း	• မီးသွယ်တန်းရန် ငွေကြေး မတည်ငွေမတက်နိုင်ခြင်း • ဆင်းရဲခြင်း • မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် ဝေးခြင်း	• ကျေးလက်ဌာနမှ ဆိုလာမီးပေးရန် အစီအစဉ်ရှိခြင်း။	•ဆင်းရဲသားအိမ်ထောင်စုများ ငွေကြေး မတက်နိုင်ခြင်း။ •ကျေးရွာသည် လျှပ်စစ်မီးအတွက်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်း နှင့်ဝေးလွန်းခြင်း။	•ကျေးရွာအိမ်ထောင်စု များ လျှပ်စစ်မီးလင်းရေးလုပ်ဆောင်ရန်။	•မီးလင်းရေး ကော်မတီ ဖွဲ့စည်းခြင်း။ •ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ခြင်း (မြို့နယ်လျှပ်စစ်လုပ်ငန်း၊ ကျေးလက်ဌာနမှ နည်းပညာအကူအညီ ရယူရန်) •မတည်ရံပုံငွေ ရရန် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်များသို့ စာတင်ပြ တောင်းခံခြင်း။ •လျှပ်စစ်မီးလင်းရန် ကျေးလက်ဌာနသို့ ချိတ်ဆက်ဆောင်ရွက်ရန်။
၉။ သဘာဝဘေးအန္တရာယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး	• စစ်ကိုင်းပြတ်ရွှေကြောတွင် ပါသောကြောင့် ငလျင်မကြာခဏ လှုပ်ခတ်ခြင်း။	• ၂၀၁၂ငလျင်ဒဏ်ကြုံတွေ့ဖူး၍ကျေးရွာသူ/သားများ ရေဒီယိုနားထောင်သောအလေ့အထ ရှိလာခြင်း။	•သဘာဝဘေးအန္တရာယ်လျော့ရေး၊ ကြိုတင်ကာကွယ်ရေး မူဝါဒများ အောက်ခြေသို့ ရောက်	• သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊	•ကျေးရွာအဆင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အဖွဲ့များဖွဲ့စည်းရန်။

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့် နည်းလမ်း
• သဘာဝဘေးအန္တရာယ် လျော့ချရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိ နည်းပါးခြင်း။	• သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ မရှိခြင်း။ • ကြိုတင်ကာကွယ်ရေး၊ ချိတ်ဆက်မည့်ဌာနများ၊ မသိခြင်း၊မပေးခြင်း။ • သစ်ဝါးများခုတ်ခြင်း၊ မီးသွေးဖုတ်လုပ်ငန်းများ အလွန်အကျွံလုပ်ကိုင်ခြင်း		ရန် ချိတ်ဆက်မှု နည်း ပါးခြင်း။ • နိုင်ငံတော်အဆင့် DRR အစီအစဉ် ကောင်းမရှိ ခြင်း။	သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး လုပ်ငန်းများချိတ် ဆက် လုပ်ကိုင်ရန်။	• သဘာဝဘေးအန္တရာယ် လျော့ချရေး၊ကြိုတင် ကာကွယ်ရေး၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး လုပ်ငန်းသင်တန်း များချိတ်ဆက်လုပ် ကိုင်ရန်။ • ကျေးရွာသဘာဝ ဘေးအန္တရာယ်လျော့ ချရေးအစီအစဉ်များ ရေးဆွဲရန်။ (Early Warning System) မိုးလေဝသ၊ငလျင်သ တင်းများရရှိရန် ချိတ်ဆက်ရန်။ (မိုးဇလ) • သစ်၊ဝါး၊မီးသွေးဖုတ် ခြင်းသည် သစ်တော ပြုန်းတီးခြင်းကို ဖြစ်နိုင်ကြောင်းကို ကျေးရွာသူသားများ အားအသိပေးရန်။ •

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
					• အစုအဖွဲ့ပိုင်သစ်တောများစိုက်ပျိုးရန်၊ • သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်သော နှစ်ရှည်ပင်သီးနှံများ၊စိုက်ပျိုးရန်။ • လယ်ယာသစ်တောစနစ်များထူထောင်ရန်။

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ